
WORLD OF WARCRAFT
RISE OF THE HORDE
ဟော့ဒ်အဖွဲ့ကြီး၏ ဇာတ်လမ်းအစ
ထင်ဇော်မျှူးသင်
ရုပ်ရှင်ဇာတ်လမ်း ဝတ္ထုအား ဘာသာပြန်ဆိုထားသည်

# နိဒါန်း

သူစိမ်းဆီက ထွက်လာသော စွမ်းအားကြောင့် ကြီးမားလှသော ဦးခေါင်းဝန်းကျင်တွင် အသရေတင့်သော အသွေးအရောင်နှင့် တုန်ခါ လှုပ်ရှားမှုများက ဝေ့လည်နေပြီး နောက်တွင် လည်း ခေါင်းမြီးခြုံထား သလို မိုးပြီးစီးဆင်းနေ၏။ ခေါင်းထက်တွင် သရဖူတစ်ခုလို အလင်း ရောင် ကလည်း ရှိနေသေးသည် ။ ထွက်ပေါ်လာသောအသံက နားထဲမှာ ကော၊ စိတ်ထဲမှာ ပါ ထိခတ်ကြား နေရသည် ။ မေ့ပျောက်နေသည် မှာ ကြာမြင့်လှပြီဖြစ်သော ချိုသာသည့် သီချင်းတစ်ပုဒ်ကို ရုတ်ခြည်း ကော က်ကာငင်ကာ သတိရလာသလို တေးသံက သွေးထဲတွင် ခုန်ပေါက်စီး ဆင်းသွားသည် ။

သူ ကမ်းလှမ်းသည့်အရာက ဆွဲဆောင်နိုင်သည် ၊ စိတ်လှုပ်ရှားစရာ ကောင်းသည် ၊ လိုချင်လွန်း၍ မရလိုက်လျှင် ရင်နာရသည့်အဖြစ် ဖြစ် သွားစေနိုင်သည် ။ သို့သော်... သို့သော်... တစ်ခုခုတော့...တစ်ခုခု ဖြစ်သ ည် ။ သူ ထွက်သွားသည့်အခါ အယ်ရီဒါ ခေါင်းဆောင်များ သည် တစ် ယောက်ကို တစ်ယောက်ကြည့်ကာ တိုးညင်းစွာ တိုင်ပင်ကြသည် ။ စ ကားများက သူတို့ သာ ကြားဖို့ သီးသန့်ဖြစ်သည် ။

"ငါတို့ ကို သူကမ်းလှမ်းတာနဲ့ ပတ်သက်ပြီး မေးခွန်းထုတ်စရာမရှိ ဘူး"ဟု ပထမဆုံး တစ်ယောက်က ပြော၏။ ရုပ်ဝတ္ထုကမ္ဘာမှာ ကော ရုပ် လွန်ကမ္ဘာမှာ ပါ သူ့စွမ်းအား၏ ပဲ့တင်သံများကို ပို့လွှတ်ရင်း စိတ်ကို

ဖြန့်ထားလိုက်သည် ။

"အဲဒီလိုစွမ်းအားမျိုးက..." ဒုတိယတစ်ယောက်က တီးတိုးရေရွတ်ရင်း အတွေးကမ္ဘာထဲ မျောနေသည် ။ အဲသည် သူစိမ်းသည် ရည်မွန်ပြေပြစ်သည် ၊ ချောမောလှပသည် ။ သူ့အရှိန်အဝါတွေက တောက်ပပြီး ဖြာထွက်နေသည် ။ "ပြီးတော့ သူပြောသွားတာ အမှန်တွေပဲ။ ငါတို့ ကို ပြသွားတဲ့ အရာတွေက ဖြစ်လာမှာ ပဲလေ။ အဲဒီလိုအရာမျိုးကို လှည့်ဖြား ပြောဆိုဖို့ ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ဘူး"

တတိယတစ်ယောက်ကမူ တိတ်ဆိတ်နေသည် ။ ဒုတိယတစ်ယောက် ပြောသွားသည် မှာ မှန်၏။ စွမ်းအားကြီးလှသော သူစိမ်းက သူ ကမ်းလှမ်းနိုင်သော အရာသည် လှည့်ဖျား လုပ်ဆောင်၍ မရနိုင်ကြောင်း ကို ထင်ထင်လင်းလင်း ပြထားပြီး ဖြစ်သည် ။ သို့တိုင် သည် ပုဂ္ဂိုလ်ကြီး.. . ဆာဂျရက်စ်... သူနှင့် ပတ်သက်ပြီး ဗယ်လန် မနှစ်သက်သော တစ်စုံတစ်ခုရှိနေသည် ။

ဗယ်လန်အဖို့ ညီနောင်ခေါင်းဆောင်များ သည် မိတ်ဆွေသူငယ်ချင်းလည်း ဖြစ်ကြ သည် ။ အထူးသဖြင့် ခေးလ်ဂျေဒန်နှင့် သူ အရင်းနှီးဆုံးဖြစ်သည် ။ ခေးလ်ဂျေဒန်သည် သူတို့ သုံးယောက်အနက် စွမ်းအားကြီးမားဆုံးနှင့် ဆုံးဖြတ်ချက် အပြတ်သားဆုံး သူဖြစ်သည် ။ သူတို့ တွေ မိတ်ဆွေသူငယ်ချင်း ဖြစ်ခဲ့သည် မှာ အချိန်ကာလပင် မမှတ်မိနိုင်တော့။ ကမ်းလှမ်းမှုကို လက်ခံချင်သော ခေးလ်ဂျေဒန်၏ တိမ်းညွှတ်မှုက အာခီမွန်၏ သဘောထားထက် သူ့အတွက် ပိုအလေးသာသည် ။ အာခီမွန်၏ အမြင်သည် ပုံမှန်အားဖြင့် ပိုမိုခိုင်မာသော်လည်း ဝင့်ကြွားလိုခြင်းကြောင့် ရံဖန်ရံခါ ဘေးစောင်းသွားတတ်သည် ။ ဆာဂျရက်စ်က သူတို့အား ပြသခဲ့သော ပုံရိပ်အကြောင်းကို ဗယ်လန် ထပ်ပြီးစဉ်းစားမိသည် ။

သူတို့ အတွက် အောင်နိုင်စရာ ကမ္ဘာများ ။ ပိုပြီးအရေးကြီးသည် မှာ စူးစမ်းဖွေရှာပြီး လေ့လာမှုများ လုပ်ဖို့ အတွက် ပိုမိုသော အရာများ ။ အယ်ရီဒါများ သည် စူးစမ်းတတ်သူများ မဟုတ်လား။ အခြားအဆင့်နိမ့် သတ္တဝါများ အတွက် အသားနှင့် သောက်စရာက အရေးပါသလို အဆင့်မြင့် အယ်ရီဒါများ အတွက် ဗဟု သုတအသိဉာဏ်က အရေးပါသည် မဟုတ်ပါလား။ ဆာဂျရက်စ်က သူတို့ သာ...သူတို့ သာ သူ့ကို သစ္စာခံခဲ့လျှင် ရရှိပိုင်ဆိုင်ရမည့် အရာများကို မချင့်မရဲဖြစ်သွားအောင် ပြသခဲ့သည် ။

သူတို့ တွေ သူ့ကို သစ္စာခံမှ . . .

သူတို့ မျိုးနွယ်ဝင်တွေလည်း သူ့ကို သစ္စာခံမှ . . .

"ထုံးစံအတိုင်း ငါတို့ ဗယ်လန်ကတော့ သတိထားလွန်းနေပြန်ပြီ"ဟု အာခီမွန်က ပြောခဲ့သည် ။ ယင်းစကားက ချီးကျူးတာ ဖြစ်ကောင်းဖြစ်မည်၊ သို့သော် စီးပိုးပြီးပြောသော စကားအဖြစ် ဗယ်လန် ခံစားရသည် ။ အာခီမွန် ဘာပြောချင်မှန်း သူသိသည် ။ ဗယ်လန်၏ တွန့်ဆုတ်မှုက ယခုအချိန်တွင် သူအသည်းအသန် လိုချင်နေသော အရာအတွက် အတားအဆီး ဖြစ်နေသည် ဟု အာခီမွန် မြင်နေသည် မဟုတ်လား။ ဗယ်လန် ပြုံးပြလိုက်သည် ။

"ဟုတ်တယ်။ ငါက သတိကြီးတဲ့ သူပဲ။ တစ်ခါတလေ အဲဒီသတိကြီးတဲ့ အချက်ကပဲ  ခေးလ်ဂျေဒန်ရဲ့ ဆုံးဖြတ်ချက် အားကောင်းတာနဲ့ မင်းရဲ့ စိတ်မြန်လက်မြန် လုပ်တာလိုပဲ ငါတို့ ကို ကယ်တင်ခဲ့တာ မဟုတ်ဘူးလား အာခီမွန်"

သူတို့ နှစ်ယောက်စလုံး ရယ်မောကြသည် ။ သူတို့ ၏ ရင်းနှီးချစ်ခင်ခြင်းကြောင့် ဗယ်လန်  တစ်ခဏမျှ နွေးထွေးသည့် ခံစားချက်ကို ခံစားလိုက်ရ၏။ ထို့နောက် သူတို့ တွေ တိတ်ဆိတ်သွားပြန်သည် ။ သူတို့ တွေ

ကို ကြည့်ရသည် မှာ အဆုံးသတ်ဆုံးဖြတ်ချက်ချကြောင်း ဗယ်လန် အာရုံရနေသည် ။ သူတို့ တွေ ထွက်ခွာသွားသည် ကို ကြည့်ရင်း ဗယ်လန် စိတ်လေးလံနေ၏။ သူ မှန်ကန်သော ဆုံးဖြတ်ချက် ချနိုင်ပါစေဟု မျှော်လင့်မိသည် ။

သူတို့ သုံးယောက်သည် အမြဲတမ်းလိုလို အတူတကွ ပူးပေါင်းလုပ်ဆောင်ကြပြီး ကွဲပြားခြားနားလွန်းသော သူတို့ ပင်ကိုယ်အရည်အသွေးတွေက ဟန်ချက်ညီအောင် ကူညီပေးခဲ့ သည် ။ ရလဒ်ကတော့ သူတို့ မျိုးနွယ်ဝင်များ သဟဇာတဖြစ်စွာနှင့် ငြိမ်းချမ်းစွာ နေထိုင်နိုင်ခဲ့ခြင်းဖြစ်သည် ။ ခေးလ်ဂျေဒန်နှင့် အာခီမွန်တို့ သည် သူတို့ အတွက်သာ အကောင်းဆုံး မဟုတ်ဘဲ သူတို့ ဦးဆောင်နေသည့် သူများ အတွက်ပါ အကောင်းဆုံးကို အမှန်တကယ် လိုချင်မှန်း သူသိပါသည် ။ သူ့သဘောထားကလည်း ထိုအတိုင်းပင်။ ထို့ကြောင့်လည်း သူတို့ တွေ အဲသည် လိုကိစ္စမျိုးတွေမှာ အမြဲတမ်းလိုလို သဘောတူညီရရှိနိုင်ခဲ့ကြခြင်းဖြစ်သည် ။

ဗယ်လန် မျက်ခုံးကြုတ်ပြီး စဉ်းစားနေမိသည် ။ ယုံကြည်မှုအပြည့်ရှိပြီး ဆွဲဆောင်နိုင်အား ရှိသည့် ဆာဂျရက်စ်သည် ဘာဖြစ်လို့ များ သူ့ကို စိတ်မသက်မသာ ဖြစ်နေစေရသလဲ။ အခြားသူများက ကမ်းလှမ်းမှုကို လက်ခံဖို့ တိမ်းညွတ်နေပြီ ဖြစ်ကြောင်း သိသာသည် ။ ဆာဂျရက်စ်က အယ်ရီဒါများ သည် သူ ရှာဖွေနေသည့်၊ လိုချင်သည့်သူများ ဖြစ်သည် ဟု ပြောခဲ့သည် ။ သန်မာပြီး စိတ်အားထက်သန်မှုရှိကာ မာနရှိသော သူများဖြစ်ပြီး သူ့ကို သစ္စာစောင့်သိမည်၊ နေရာအနှံ့တွင် ရှိသော ကမ္ဘာအားလုံးကို အတူတကွ ပေါင်းစည်းမည့် ရည်ရွယ်ချက်ကို ရှေ့ဆက် အကောင်အထည် ဖော်နိုင်အောင် အလုပ်လုပ်ပေးကြမည်။ သူတို့ အားလုံးကို သူက စွမ်းအား မြှင့်ပေးမည်။ သူတို့ ကို ပြောင်းလဲပေးမည်၊ ပိုကောင်းအောင်

လုပ်ပေးမည်။ စကြဝဠာကြီး တွင် အရင်တုန်းက မြင်ဖူးခြင်းမရှိသော စွမ်းအားလက်ဆောင်များကို ပေးမည်။ စင်စစ် စကြဝဠာကြီးတွင် ဆာဂျ ရက်စ်က သူ့တွင် ရှိကြောင်း ပြောထားသည့် စွမ်းအားများ နှင့် အယ်ရီဒါ တို့ ၏ ထူးခြားမှုနှစ်ခု ပေါင်းစပ်ခြင်းမျိုး တစ်ခါမှ ဖြစ်ဖူးခြင်း မရှိသေး ချေ။ ဆာဂျရက်စ်က သူတို့ ကို ပြောပြခဲ့သော အရာသည် ဖြစ်ကောင်း ဖြ စ်လာလိမ့်မည်။ သို့သော် . . . သို့သော် . . .

ဗယ်လန်သည် ဘုရားကျောင်းဘက်ကို ထွက်လာလိုက်သည် ။ သူ စိ တ်ရှုပ်တိုင်း မကြာခဏ လာနေကျနေရာဖြစ်သည် ။ အဲသည် ညက အခန်းထဲရှိ တစ်ခုတည်းသော တိုင်ကြီး ဘေးပတ်လည်တွင် စက်ဝိုင်းပုံ သဏ္ဍာန် ပတ်ပြီး အခြားသူများ လည်း ထိုင်နေကြသည် ။ ထိုတိုင်ကြီး ပေါ်တွင် အဖိုးတန် ''အတာမာ ကျောက်တုံးရတနာ'' ရှိသည် ။ ထိုရှေးပ စ္စည်းသည် အလွန်ကို ရှေးကျပြီး မည်မျှရှေးကျသနည်း ဆိုသော် အယ်ရီ ဒါများ အနက် ယင်းပစ္စည်း၏ မူလဘူတကို မှတ်မိသူ မည်သူမျှ မရှိ တော့ပေ။ ဒဏ္ဍာရီအရ ယင်းသည် လွန်လေပြီးသော နှစ်ပေါင်းများ စွာ က သူတို့ ကို ပေးအပ်ခဲ့သော လက်ဆောင်ဖြစ်သည် ။ ယင်းကျောက်တုံး သည် သူတို့ စိတ်စွမ်းအားနှင့် စကြဝဠာကြီး၏ ထူးခြားဆန်းကြယ်မှုများ နှင့် ပတ်သက်သည့် အသိများကို ချဲ့ကားနိုင်ရန် အကူအညီ ပေးခဲ့သည် ။ အတိတ်တုန်းက ဝေဒနာများ ပျောက်ကင်းဖို့ ၊ ဂါထာမန္တရားများ ရွတ်ဖ တ်ဖို့ အတွက် ယင်းကို သုံးခဲ့ဖူးသည် ။ သည် ညမှာ တော့ အမြင်ပေါက် ဖို့ အသုံးချနိုင်ရန် ဗယ်လန်မျှော်လင့်သည် ။ သူ ရှေ့တိုးလိုက်ပြီး သုံး ထောင့်ပုံကျောက်တုံးရတနာကို တလေးတစား ကိုင်တွယ်လိုက်သည် ။ တိရစ္ဆာန်ငယ်လေးတစ်ကောင်ကို သူ့လက်ထဲတွင် ထည့်ထားရသလို အ နွေးဓာတ်က သူ့ကို တည်ငြိမ်သွားစေသည် ။ အသက်ပြင်းပြင်း ရှူရှိုက် လိုက်ပြီး အကျွမ်းတဝင်ဖြစ်နေသော စွမ်းအားများ သူ့ကိုယ်ထဲ စိမ့်ဝင်

သွားသည် ကို လက်ခံလိုက်သည် ။ ထို့နောက် သူ့လက်ကို လွှတ်ချလိုက်ပြီး ဝိုင်းထိုင်နေသော စက်ဝိုင်းထဲကို ပြန်သွားလိုက်သည် ။

ဗယ်လန် မျက်လုံး မှိတ်ထားသည် ။ သူ့တစ်ကိုယ်လုံးတွင် ရှိသော ဖွင့်ထားလို့ ရသမျှ အရာအားလုံးကို ဖွင့်ထားလိုက်သည် ။ ခန္ဓာကိုယ်၊ စိတ်၊ မှော်ဗီဇစိတ်...။ ပထမဆုံး သူမြင်သည့် အရာက ဆာဂျရက်စ်၏ ကတိကို အတည်ပြုသည့် မြင်ကွင်းဖြစ်သည် ။ သူသည် အာခီမွန်၊ ခေးလ်ဂျေဒန်တို့ အပါအဝင် သူတို့ ၏ မြင့်မြတ်ပြီးဂုဏ်မောက်သော မျိုးနွယ်ခေါင်းဆောင်များ သာမက မရေမတွက်နိုင်သော အခြားကမ္ဘာများမှ သူများ နှင့်အတူ သူ ရပ်နေသည် ။ စွမ်းအားက သူတို့ အနားတွင် တလျှပ်လျှပ် လင်းလက်နေသည် ။ ယင်းစွမ်းအားသည် မည်သည့်သေရည် အရက်မဆို သောက်သုံးလိုက်လျှင် ဖြစ်စေမည့် အဆိပ်သင့်မှုမျိုး ဖြစ်စေမည်ကို ဗယ်လန် သိနေသည် ။ တောက်ပနေသော မြို့တော်များသည် သူတို့ ပိုင်ဆိုင်မှု၊ ထို့ပြင် ယင်းမြို့တော်များ တွင် နေထိုင်နေသူများသည် လည်း သူတို့ ပိုင်ဆိုင်သော အရာများ ။ သူတို့ သုံးယောက်ရှေ့တွင် ချစ်ခင်မြတ်နိုးစွာ အော်ဟစ်ကြွေးကြော်နေသည့် အသံများ ၊ သစ္စာစောင့်သိသည့် ကြွေးကြော်သံ များ ဖြင့် ထိုမြို့သူမြို့သားတို့ ခြေကုန်လက်ပန်းကျနေကြသည် ။ ဗယ်လန် တစ်ခါမျှ အိပ်မက်တောင် မမက်ဖူးသော နည်းပညာဆန်းများက လာလှည့်၊ စမ်းသပ်လှည့်ဟု ဖိတ်ခေါ်နေသည် ။ ထူးဆန်းသော ဘာသာစကားဖြင့် ရေးထားသော ကျမ်းကြီးများကို သူ့အတွက် အသင့်ဘာသာပြန်ပေးထားသည် ။ ယခုချိန်အထိ မည်သူမျှ ပုံဖော်နိုင်ခြင်းမရှိသည့်၊ လက်ဆင့် ကမ်းခဲ့ခြင်း မရှိသေးသည့် သဘာဝလွန်မှော်အစွမ်းကို ဖွင့်ဟပြနေသည် ။

ယင်းသည် အင်မတန် ပျော်ရွှင်ဝမ်းမြောက်စရာ ဖြစ်သည် ။ သူ့ရင်ထဲတွင် ပျော်ရွှင်မှုဖြင့် ပြည့်လာသည် ။

ခေးလ်ဂျေဒန်ကို သူလှည့်ကြည့်လိုက်သည် ။ သူ့မိတ်ဆွေဟောင်းကြီးက ပြုံးပြသည် ။ အာခီမွန်က သူ့ပခုံးထက်ကို ရင်းရင်းနှီးနှီး လက်တင်လိုက်သည် ။ ထို့နောက် ဇယ်လန် သူ့ကိုယ်သူ ငုံ့ကြည့်လိုက်မိသည် ။

ကြောက်လန့်တကြား သူ အော်လိုက်မိသည် ။

သူ့ခန္ဓာကိုယ်သည် ဧရာမကြီးဖြစ်နေသည် ။ တွန့်လိမ်ပြီး ပုံပျက်နေသည် ။ ချောမွတ်သော အပြာရောင်အသားအရေက ယခုတော့ ညိုမည်းနေပြီ။ ရောဂါကြောင့် ရုပ်ပျက်ဆင်းပျက်ဖြစ်နေသော တစ်ခါတုန်းက ကြီးမြတ်ခဲ့သည့် သစ်ပင်တစ်ပင်လို အဖုအထစ်တွေ ထနေသည် ။ သူ့ခန္ဓာကိုယ်မှ အလင်းရောင်များကတော့ ဖြာထွက်နေသည် ။ သို့သော် ကောင်းမွန်အားပြည့်သော စွမ်းအင်၏ အလင်းရောင်သန့်သန့် မဟုတ်ဘဲ စိတ်မသတီစရာ အစိမ်းရောင်ဖြစ်နေသည် ။ ကြောက်လန့်တကြား သူ့မိတ်ဆွေများ ဖြစ်သည့် အယ်ရီဒါခေါင်းဆောင်များကို လှမ်းကြည့်လိုက်သည် ။ သူတို့ လည်း သူ့လိုပင် ပုံပြောင်းနေကြသည် ။ သူတို့ လည်း အရင်တုန်းက ပုံသဏ္ဌာန်ဟူ၍ ဘာမျှမရှိတော့ဘဲ ယခုအခါ . . .

မန်နာရီ (မကောင်းဆိုးဝါးကောင်) ဖြစ်နေကြပြီ။

အကြီးအကျယ် မှားယွင်းနေသော တစ်စုံတစ်ခု၊ တွန့်လိမ်ပြီး၊ သဘာဝမကျတော့သော၊ ညစ်ညမ်းစေသော တစ်စုံတစ်ခုအတွက် မန်နာရီဆိုသည့် အယ်ရီဒါစကားလုံးက သူ့ဦးနှောက်ထဲကို အားနှင့် ဝင်ဆောင့်လာသည် ။ သူ နောက်တစ်ခေါက် ထပ်အော်မိပြီး ဒူးထောက်ထိုင်ချလိုက်သည် ။ ဇယ်လန်သည် ပုံပျက်ပန်းပျက်ဖြစ်နေသော သူ့ခန္ဓာကိုယ်မှ အဝေးကို ကြည့်လိုက်သည် ။ ဆာဂျရက်စ်က သူတို့ ကို ကတိပေးထားသော ငြိမ်းချမ်းမှု၊ ကြွယ်ဝမှုနှင့် အသိအမြင်များကို ရှာဖွေကြည့်မိသည် ။ သို့သော် ရက်စက်ယုတ်မာမှုများကိုပဲ သူ မြင်တွေ့ရသည် ။ သူ့ရှေ့တွင် ရှိ

ခဲ့သော ချစ်ခင်လေးစားသည့် လူအုပ်ကြီးအစား ယခုအခါ သူသည် အပိုင်းပိုင်းပြတ်နေသော အလောင်းကောင်များ ၊ သူ့လိုပဲ ပုံပျက်ပန်းပျက် ဖြစ်နေသော ခန္ဓာကိုယ်များ သာ တွေ့ရသည်။ ခေးလ် ဂျေဒန်တို့လို၊ အာခီမွန်တို့လို မကောင်းဆိုးဝါးကောင်များ အဖြစ် ပုံပျက် နေကြသည် ။ ယင်းအသေကောင်များ ၊ ပုံပျက်ပန်းပျက်ကောင်များ အကြားတွင် ဗယ်လန် တစ်ခါမျှ မမြင်ဖူးသော သတ္တဝါများ ပျော်မြူးနေ ကြသည် ။ ကျောဘက်တွင် အတက်များ ထွက်နေသော ထူးထူးဆန်း ဆန်း ခွေးလို အကောင်များ ။ အစုံအပြုံလိုက် အသေကောင်များကြားတွ င် ကခုန်လိုက်၊ ပျော်မြူးလိုက်၊ ရယ်မောလိုက်လုပ်နေသော တွန့်လိမ်နေ သည့် အကောင်သေးသေးများ ကိုလည်း တွေ့ရသည် ။ နောက်ဘက် တွင် တောင်ပံများ ဖြန့်ထားသော၊ လှည့်စားနိုင်လောက်အောင် လှပ သော သတ္တဝါများ ။ သူတို့ တွေက ဖြစ်ပျက်နေသည် များကို ဝမ်းမြောက် စွာ၊ ဂုဏ်ယူစွာ ကြည့်ရှုနေကြသည် ။ သူတို့ ခွာ ခြေချသည့်နေရာတိုင်း တွင် ကမ္ဘာမြေသည် ပျက်သုဉ်းသွားသည် ။ မြက်များ သာ သေသွား သည် မဟုတ်၊ မြေကြီးလည်း ခြောက်သွေ့သေသွားသည် ။ အသက်ကို ပေးနိုင်သော အရာများအားလုံး ပျောက်ကွယ်သွားသည် ၊ ခြောက်ကပ် သွားအောင် စုပ်ယူသွားသည် ။

ယင်းသည် ပင် အယ်ရီဒါများကို ဆာဂျရက်စ်လုပ်ဖို့ ကြံစည်ထားသ ည့် အစီအစဉ်ဖြစ်သည် ။ ယင်းသည် ပင် သူ မစားရဝခမန်း ပြောခဲ့သော "အဆင့်မြှင့်ပေးမည်"ဆိုသည့်အရာဖြစ်သည် ။ အကယ်၍ ဗယ်လန်၏ လူများ သည် ဆာဂျရက်စ် နောက်ကိုသာ လိုက်ဖို့ ဆုံးဖြတ်ခဲ့လျှင် သူတို့ သည် အဲဒီမကောင်းဆိုးဝါး အကောင်များ ဖြစ်လာမည် . . . သူတို့ တွေ မန်နာရီ ဖြစ်လာမည်။ ထို့ပြင် သူမျက်မြင်တွေ့နေရသော ယခုဖြစ်ရပ်သ ည် သီးခြားအဖြစ်အပျက်တစ်ခု မဟုတ်ကြောင်း ဗယ်လန် နားလည် သ

ဘောပေါက်လာသည် ။ ယင်းသည် ကမ္ဘာတစ်ခုတည်း ပျက်သုဉ်းသွားခြင်း မဟုတ်။ ဒါဇင်နှင့်ချီသော၊ ရာနှင့်ချီသော၊ ထောင်ချီသော ကမ္ဘာများ ...။ ကတောင် ကပ့်ါမလား။

အကယ်၍ သူတို့ တွေ ဆာဂျရက်စ်ကို ထောက်ခံခဲ့သည် ရှိသော် အရာအားလုံးသည် ဖျက်ဆီးခံရတော့မည်ဖြစ်သည် ။ အဲသည် မန်နာရီစစ်တပ်ကြီးသည် ခေးလ်ဂျေဒန်နှင့် အာခီမွန်တို့ ၏ အကူအညီဖြင့် ရှေ့ကို ဆက်လက်ချီတက်နေမည်။ စင်ကြယ်သန့်စင်သည့်အရာများ အားလုံး ကူညီကြပါဦး။ မြင်ကွင်းထဲမှာ ရှင်သန်နေသည့် အရာအားလုံး...ဗယ်လန် ဝါးတားတား မြင်ခဲ့ရသည့်အမြင်ထဲက မြေကွက်လို ဆုံးရှုံးပျက်စီးပြီး မည်းနက်သွားသည့်တိုင် သူတို့ တွေ မရပ်မနား လုပ်ကြမည်ဖြစ်သည် ။ ဆာဂျရက်စ် ရှူးသွားတာလား။ ဒါမှ မဟုတ် ပိုဆိုးတာက သည် လိုဖြစ်သွားနိုင်တာကို သူ သိရဲ့ သားနဲ့ အာသာငမ်းငမ်း လုပ်ချင်နေတာလား။ သွေးနှင့် မီးတောင်ရည်များ သည် နေရာအနှံ့ စီးဆင်းသွားပြီး သူ့အပေါ်ကို တဖြောက်ဖြောက် ကျလာသည် ၊ သူ့ကို လောင်ကျွမ်းနေသည် ။ မြေပြင်ပေါ်ကို သူ ပြုတ်ကျသွားပြီး ငိုကြွေးမိသည့်အခါမှ ရပ်သွားတော့သည် ။ သူ့အမြင်က ပျောက်ကွယ်သွားပြီ။ ဗယ်လန် မျက်တောင် ပုတ်ခတ် ပုတ်ခတ်ဖြင့် တုန်လှုပ်နေသည် ။ ဘုရားကျောင်းထဲတွင် သူ တစ်ယောက်ထဲပဲ ကျန်ရှိတော့သည် ။ ကျောက်တုံးရတနာက စိတ်သက်သာရစရာ တောက်ပနေသည် ။ သူ ကျေးဇူးတင်မိသည် ။ သူ့အမြင်ထဲက အရာများ မဖြစ်သေးချေ။ အနည်းဆုံးတော့ အခုမဖြစ်သေးပေ။

သူတို့ ကို ဆာဂျရက်စ် ပြောခဲ့သည့်အရာသည် တကယ်တော့ အမှန်ပင်ဖြစ်သည် ။ အယ်ရီဒါ များ ပုံပြောင်းသွားမည်၊ ခေါင်းဆောင်သုံးယောက်ကို စွမ်းအား၊ အသိဉာဏ်နှင့် လွှမ်းမိုးနိုင်စွမ်း .. နတ်ဘုရားများ နီးနီးရရှိလာမည်။ သူတို့ တွေ ကာကွယ်စောင့်ရှောက်ပါမည်ဟု ကတိပေး

ထားသော ချစ်ခင်နှစ်သက်ရသည့် အရာများအားလုံးနီးပါးကို ပျက်စီးဆုံးရှုံးသွားအောင် သူတို့ တွေ လုပ်ပစ်ကြမည့် အဖြစ်ကို ရောက်ရှိလာမည်။

ဗယ်လန် သူ့မျက်နှာကို လက်ဖြင့်အုပ်လိုက်တော့ သူ့အမြင်ထဲကလို မီးနှင့်သွေးမဟုတ်ဘဲ ချွေးနှင့်မျက်ရည်များ ဖြင့်သာ စိုစွတ်နေသည် ။ သူ အတန်ငယ် စိတ်သက်သာသွားသည် ။ အခုတော့ မဖြစ်သေးဘူးပေါ့။ အဲဒါကို တားဖို့ အတွက် ဖြစ်နိုင်ပါဦးမလား။ ဒါမှ မဟုတ် အဲဒီစစ်တပ်ကြီးက ကျရောက်စေမည့် ဖျက်ဆီးမှုများကို လျှော့ပါးအောင် လုပ်နိုင်ဖို့ နည်းလမ်းရှိမလား။

ကန္တာရအတွင်း ရေကြည်တစ်ပေါက် သောက်လိုက်ရသလို လန်းဆန်းချိုမြိန်စွာဖြင့် သူ့အဖြေ ပြန်ရသည် -ဖြစ်နိုင်သည် တဲ့ ။

စိတ်ထဲမှ သူတောင်းဆိုလိုက်သည့် လှုပ်ရှားမှုကို တုံ့ပြန်သည့် အနေဖြင့် မိတ်ဆွေ ခေါင်းဆောင်နှစ်ယောက် ချက်ချင်းရောက်ရှိလာကြသည် ။ သူမြင်ခဲ့သည့်အရာကို သူတို့ မြင်ရအောင်၊ သူခံစားခဲ့ရသည့်အရာကို သူတို့ ခံစားလို့ ရအောင် သူတို့ စိတ်များ နှင့် ချိတ်ဆက်ဖို့ သူ အချိန်ယူလိုက်သည် ။ သူတို့ တွေသည် သူ့ခံစားချက်ကို ဝေမျှလက်ခံနိုင်ကြောင်း သူသိခဲ့ပြီးနောက် မျှော်လင့်ချက်များ သူ့ကိုယ်တွင် ပြည့်လျှံတက်လာသည် ။ မျှော်လင့်ချက် ရှိနေသေးသည် ။ သို့သော်... အာခီမွန်က မျက်မှောင်ကျုံ့လိုက်ပြီး "အခုဟာက မှန်၊ မမှန် အတည်ပြုလို့ ရတဲ့ အနာဂတ်မြင်ကွင်းမှ မဟုတ်တာ။ ဒါတွေက မင်းရဲ့ ထင်ကြေးပဲလေ"ဟု ပြောခဲ့သည် ။

ဗယ်လန်က သူ့မိတ်ဆွေဟောင်းကို စိုက်ကြည့်လိုက်ပြီးနောက် သူ့အကြည့်ကို ခေးလ်ဂျေဒန် ဘက်ကို လှည့်လိုက်သည် ။ ခေးလ်ဂျေဒန်က

အာခီမွန်လို မောက်မာခြင်း အလျှင်းမရှိ။ သူက တိကျပြတ်သားသလို ဉာဏ်လည်း ကြီးသည် မဟုတ်လား . . .။

"အာခီမွန် ပြောတာ မှန်တယ်" ခေးလ်ဂျေဒန်က ခပ်မှန်မှန်လေး ပြောလိုက်သည် ။ "လက်ဆုပ်လက်ကိုင် ပြနိုင်တာ မရှိဘူး။ မင်းရဲ့ စိတ်ထဲမှာ ရှိတဲ့ ပုံရိပ်တစ်ခုပဲ သက်သေရှိတာ"

သူ့ကို ဗယ်လန်စူးစိုက်ကြည့်နေ၏။ ရင်ဘတ်ထဲတွင် နာကျင်မှုများ ပြည့်နှက်လာသည် ။ ညင်သာစွာ၊ စိတ်မကောင်းဖြစ်စွာဖြင့် သူ့အတွေးစိတ်ကူးကို သူတို့ ဆီမှ ဖယ်ခွာလိုက်သည် ။ ယခုတော့ သူ့စိတ်ထဲတွင် ၊ သူ့ရင်ထဲတွင် ရှိသော အရာများ သည် သူ့ဆီမှာ သာ တည်ရှိတော့မည်။ အရင်တုန်းကလို သူ့စိတ်ဝိညာဉ်၏ အဆက်အစပ်များ အဖြစ် သူတို့ နှစ်ယောက်ကို သူ ဘယ်တော့မှ ထပ်ပြီး မျှဝေတော့မည် မဟုတ်ပေ။ သူ ရည်ရွယ်ထားသည့်အတိုင်းပင် ထိုသို့ သူဆုတ်ခွာလိုက်ခြင်းကို ခေးလ်ဂျေဒန်က လက်လျှော့လိုက်ခြင်းဟု ယူဆသွားသည် ။ ပြုံးလိုက်ပြီး သူ့လက်ကို ဗယ်လန့်ပခုံးပေါ်ကို တင်လိုက်သည် ။

"မဖွယ်မရာ ဖြစ်နိုင်လောက်ကောင်းရဲ့ ဆိုပြီး ကြောက်ရွံ့ရုံလောက်နဲ့ တော့ အပေါင်း လက္ခဏာ ဆောင်မယ့် ကောင်းလည်း ကောင်းတယ်၊ မှန်ကန်မှန်းလည်း သိတဲ့ အရာတစ်ခုကို ငါ မစွန့်လွှတ်ချင်ဘူး။ မင်းလည်း အဲလိုပဲ ဖြစ်မယ် ငါထင်တယ်"

ဗယ်လန် လိမ်ညာစကား မပြောဝံ့ပေ။ ထို့ကြောင့် သူက အောက်ကိုပဲ စိုက်ကြည့်နေပြီး သက်ပြင်းချလိုက်သည် ။ ခေးလ်ဂျေဒန်နှင့် အာခီမွန်တို့ က ထိုအမှုအရာကို အားနည်းချည့်နဲ့ သော လက္ခဏာအဖြစ် မြင်ကြပေမည်။ သို့သော် ယခုအချိန်တွင် သူတို့ အတွေးများက သူ့အပေါ်တွင် မရှိတော့ချေ။ သူတို့ အပေါ် ပေးအပ်လာမည့် အဆုံးအစမရှိသော စွမ်း

အားအကြောင်းကိုသာ တွေးနေကြသည် ။ သူတို့ ကို လမ်းကြောင်းလွှဲဖို့ နောက်ကျသွားပြီ။ တစ်ခါတုန်းက ကြီးကျယ်ခဲ့သော သူများ သည် ယခု အခါ ဆာဂျရက်စ်ပြုသမျှ နုရမည့် ရုပ်သေးများ ဖြစ်သွားပြီး သူတို့ တွေ သည် မန်နာရီဖြစ်လာတော့မည့် လမ်းကြောင်းပေါ် သွားနေပြီ။ အကယ် ၍ သူသည် သူတို့ နှင့် သဘောတူခြင်းမရှိကြောင်းကို သိရှိသွားလျှင် သူ တို့ တွေသည် သူ့ကို သေနိုင်လောက်သော ဒဏ်ပေးမှုဖြင့် တုံ့ပြန်မည်ကို ဗယ်လန်သိနေသည် ။ သူ့လူတွေကို ဖျက်ဆီးခံရခြင်း၊ ငရဲခံရခြင်းမှ ကယ်တင်နိုင်ဖို့ ဆိုလျှင် သူ ရှင်သန်နေဖို့ လိုသည် ။

ထို့ကြောင့် သူ ခေါင်းညိတ်လိုက်သည် ။ ဘာမျှတော့ မပြော။ သို့ဖြင့် အယ်ရီဒါ ခေါင်းဆောင်သုံးယောက်သည် ကြီးကျယ်မြင့်မြတ်သော ဆာ ဂျရက်စ်နှင့် မဟာမိတ်လုပ်မည်ဟူ၍ အဆုံးအဖြတ်ဖြစ်သွားသည် ။ သူ တို့ ၏ အရှင်သခင်အသစ်ကို ကြိုဆိုဖို့ လိုအပ်သော ပြင်ဆင်မှုများကို လု ပ်ရန် အာခီမွန်နှင့် ခေးလ်ဂျေဒန်တို့ ခပ်သွက်သွက်လေး ထွက်သွားကြ သည် ။

မတားဆီးနိုင်ခဲ့သည့် သူ့အစွမ်းမဲ့ခြင်းအပေါ် ဗယ်လန်တစ်ယောက် စိတ်မကောင်း ဖြစ်နေသည် ။ သူ့လူများအားလုံးကို သူ သစ္စာဆိုထားသ လို ကယ်တင်ပေးချင်သည် ။ သို့သော် မဖြစ်နိုင်တော့မှန်း သူသိနေသည် ။ အများ စုက ခေးလ်ဂျေဒန်နှင့် အာခီမွန်ကို ယုံကြည်နေပြီး ငရဲကို သူ တို့ နောက်ကနေ လိုက်သွားကြမည်ဖြစ်သည် ။ သို့သော် သူတွေးသလို တွေးနေသော သူအချို့လည်း ရှိသည် ။ သူ့စကားကို ယုံကြည်ပြီး အရာ ရာကို ကျော်ခိုင်းနိုင်သည့် သူများ ဖြစ်သည် ။ ထိုသို့ သူတို့ လုပ်ဖို့ လိုအပ် နေသည် မဟုတ်လား။ သူတို့ ၏ အိမ် 'အားဂတ်စ်ကမ္ဘာ'သည် မကြာခင် ဖျက်ဆီးခံရတော့မည်၊ မကောင်းဆိုးဝါးတပ်တော်ကြီး၏ ရှုံးသွပ်မှုဖြင့် အငမ်းမရ ဝါးမျိုခြင်းကို ခံရတော့မည်။

သို့သော် . . . ဘယ်ကို ပြေးရှောင်ရမည်နည်း။

ဇယ်လန်သည် ‘အတာမာ ကျောက်တုံးရတနာ’ ကို ငေးစိုက်ကြည့်နေသည် ။ မျှော်လင့်ချက် ပျက်သုဉ်းခြင်းများက တစ်ကိုယ်လုံးကို လွှမ်းမိုးနေသည် ။ ဆာဂျရက်စ် လာတော့မည်။ သူ့ဆီကနေ ပုန်းအောင်းလို့ ရမည့်နေရာ ဒီကမ္ဘာတွင် ရှိပါ့မလား။ ဒါဆိုလျှင် သူ မည်သို့ လွတ်မြောက်နိုင်ပါမည်နည်း။

ကျောက်တုံးကို သူငေးကြည့်နေရင်း မျက်ရည်များကြောင့် အမြင်ဝေဝါးနေသည် ။ လျှပ်စီးလက်သလို အရောင်တလက်လက်ထခုန်လာသည် ။ သူ့မျက်ရည်များကြောင့် ဖြစ်မည်ဟု ထင်ပြီး ဇယ်လန် မျက်တောင်ခတ်လိုက်သည် ။ မဟုတ်သေး... မျက်ရည်များကြောင့် အလင်းလှည့်ဖျားမှုကို မြင်နေရခြင်းမဟုတ်။ ကျောက်တုံးက အရောင်လက်နေခြင်းဖြစ်သည် ။ အံ့အားသင့် ငေးမောနေသော သူ့မျက်စိရှေ့တွင် ပင် ကျောက်တုံးသည် တင်ထားသည့်ခုံမှ ဖြည်းညင်းစွာ မြင့်တက် လာပြီး လေပေါ်တွင် မျောကာ သူ့ရှေ့တည့်တည့် ရောက်လာသည် ။ ယင်းကို ကိုင်လိုက်သည့်အခါ သူ့ခေါင်းထဲတွင် အသံတစ်ခုက တိုးညင်းစွာ စကားစလာသည် ။ မင်သက်နေရင်း၊ တုန်လှုပ်နေရင်း ဇယ်လန်သည် ငြိမ်သက်နေသော သုံးထောင့်ဖန်တုံးဆီမှ ရနေကျဖြစ်သည့် နွေးထွေးမှုကို ခံစားရဖို့ မျှော်လင့်ရင်း သန်မာသော အပြာရောင်လက်ကို ဆန့်ထုတ်လိုက်သည် ။ စွမ်းအင်တွေက သူ့ကိုယ်ထဲ ပြေးဝင်သွားသည် ။ သူ ပင့်သက်ရှိုက်လိုက်သည် ။ ပြင်းအားအရ ပြောရလျှင် ယင်းသည် သူ့အမြင်ထဲတွင် သူ့ကိုယ်ထဲကို တိုးဝင်လာသော မကောင်းဆိုးဝါးစွမ်းအင်နီးပါး ပါဝါကြီးလှသည် ။ သို့သော် ထိုမကောင်းဆိုးဝါးစွမ်းအင်က ညစ်ညမ်းသလောက် ယင်းက သန့်စင်သည် ။ ထိုအရာက မည်းမှောင်သလောက် ယင်းက တောက်ပ သည် ။ ဇယ်လန်သည် ရတ်ခြည်းဆိုသလို

မျှော်လင့်ချက်နှင့် ခွန်အားပြည့်လာသလို ခံစားရသည် ။

'အတာမာ ကျောက်တုံးရတနာ' ၏ ထူးဆန်းသည့် အလင်းရောင် စက်ကွင်းက ဖြည်းဖြည်းချင်း ကျယ်ပြန့် ကားထွက် လာပြီး ပုံသဏ္ဍာန် တစ်ခုဖြစ်လာသည် ။ ဗယ်လန် မျက်တောင်ခတ်နေရသည် ။ ပြန့်ထွက် နေသော အလင်းရောင်ကြောင့် မျက်လုံးကန်းမတတ်၊ သို့သော် အဝေး ကို ရှောင်လွှဲ မသွားချင်။

မင်းတစ်ယောက်တည်း မဟုတ်ဘူး ၊ အယ်ရီဒါမျိုးနွယ် ဗယ်လန် ဟု အသံတစ်သံက သူ့ကို တိုးညင်းစွာ ပြောခဲ့သည် ။ ချမ်းမြေ့စရာ ချိုသာ သောအသံဖြစ်ပြီး စီးဆင်းနေသော ရေသံလို၊ နွေရာသီတွင် တိုက်ခတ် သော လေပြင်းဟူ့သံလို ဖြစ်သည် ။ ဖြန့်ကြက်နေသော အလင်းက အနည်းငယ်မှေးမှိန်သွား၏။ သူ့ရှေ့မှာ ရစ်ဝဲနေသည့်ပုံမှာ သူမြင်ဖူး သည့်အရာများ နှင့်လုံးဝမတူ။ အသက်ရှိနေသော အလင်းကို မြင်နေရ သလိုဖြစ်သည် ။ ယင်း၏ အလယ်ဗဟိုတွင် ရွှေရောင်ဖျောဖျော့ အရောင် ရှိပြီး အပြင်ဘက် စက်ဝန်းတွင် ချမ်းမြေ့စရာ ခရမ်းရောင် လင်းလက် နေသည် ။ သင်္ကေတနှင့် ဆင်တူသည့် ထူးဆန်းသော စာလုံးများက အလယ် ဗဟိုတွင် ဝေ့လည်နေသည် ။ စိတ်တည်ငြိမ်စရာ၊ အိပ်မွေ့ချအစွမ်းရှိ သော အလင်းနှင့် အရောင်တို့ ရစ်ပတ်နွယ်ကာ ကနေသည် ။ ယင်းသည် သူ့စိတ်အတွင်းတွင် စကားဆက်ပြောနေသည် ။ ဗယ်လန်အဖို့ ယင်းအ သံသည် အလင်းကိုယ်တိုင်က အသံထွက်ပြောနေသည့်ဟန် ထင်ရသည် ။

ဒီကမ္ဘာနဲ့ တခြားကမ္ဘာတွေအပေါ်မှာ ကျရောက်လာတော့မယ့် ဖြစ် လတ္တံ့သော ချောက်ချားစရာ အဖြစ်တွေကို ငါတို့ အာရုံရပါတယ်။ ငါတို့ တွေက ဟန်ချက်ညီဖို့ အမြဲကြိုးစားခဲ့တယ်။ ဆာဂျရက်စ်က အရာရာကို

အစိတ်စိတ်အမြွှာမြွှာဖြစ်သွားအောင် လုပ်ဖို့ စီစဉ်ထားတယ်။ အကြွင်းမဲ့ ပရမ်းပတာဖြစ်မှုနဲ့ ပျက်စီးယိုယွင်းမှုက ဒီကမ္ဘာမြေအပေါ် ဆင်းသက်လာလိမ့်မယ်။ ကောင်းတဲ့ ၊ စစ်မှန်တဲ့ ၊ သန့်စင်ပြီး မြင့်မြတ်တဲ့ အရာတွေဟာ ပြင်ဆင်လို့ မရနိုင်တော့လောက်အောင် ပျက်စီးသွား လိမ့်မယ်။

ဘယ်သူပါလိမ့် . . . ဘာကြီးပါလိမ့် . . . ဗယ်လန် တစ်ယောက် သူ့စိတ်ထဲတွင် ပင် မေးခွန်း အဖြစ် မပေါ်လာမီ သူ့ရှေ့မှာ ရှိနေသည့် အလင်းရောင်က သူ့အတွေးကို သိသွားသည် ။

ငါတို့ တွေက 'နာရှူး'တွေပါ ဟု လင်းလက်နေသည့်အရာက ပြောခဲ့သည် ။ ငါ့ကို 'ကူရှူး'လို့ ခေါ်ပါ။

စကားလုံးကို ပြောဖို့ ဗယ်လန်၏ နှုတ်ခမ်းက ကွေးတက်သွားသည်။ ထို့နောက် သူက တိုးညင်းစွာ ထုတ်ပြောလိုက်သည် ။ "နာရှူး . . . ကူရှူး . . . "။ သူက ယင်းစကားလုံးများ ၏ ချိုသာမှုကို အရသာခံလိုက်ရသည် ။ ယင်းအမည်များကို ရေရွတ်လိုက်ရခြင်းက သူတို့ ၏ မူလဇာတိကို သိခွင့်ပြု ပေးလိုက်သလိုဖြစ်နေသည် ။

အဲဒါက အားလုံးရဲ့ အစပဲ ဟု ကူရှူးက ဆက်ပြောသည် ။ ငါတို့ တွေ အဲဒါကို တားဆီးလို့ တော့ ရမှာ မဟုတ်ဘူး ။ မင်းရဲ့ မိတ်ဆွေတွေမှာ သူတို့ စိတ်နဲ့ သူတို့ ပဲ။ ဒါပေမဲ့ မင်းက မင်းကယ်နိုင်သမျှ လူတွေကို ကယ်ချင်တဲ့ မချိတင်ကဲဝေဒနာဖြစ်နေပြီး အကူအညီတောင်းခံလာတယ်။ ဒီတော့ ငါတို့ လည်း လုပ်နိုင်တာ လုပ်ပေးမယ်။ ဆာဂျရက်စ် ကမ်းလှမ်းတဲ့ ချောက်ချားစရာ အနိဋ္ဌာရုံတွေကို ငြင်းပယ်ခဲ့တဲ့ စိတ်ဓာတ်ရှိတဲ့ မင်းတို့ ကို ငါတို့ ကယ်မယ်။

ငါ ဘာလုပ်ရမလဲ။ ဗယ်လန် မျက်လုံးအစုံတွင် မျက်ရည်များ ဖြင့် ပြ

ည့်လာသည် ။ သည် တစ်ကြိမ်တွင် တော့ သက်သာရာရမှုနှင့် ပျော်ရွှင်မှုတို့ ဖြင့် ပြည့်နေသော မျက်ရည်များ ဖြင့်။

မင်းရဲ့ အမြော်အမြင်ကို နားထောင်မယ့်သူတွေကို စုစည်းလိုက်ပါ။ ပြီးတော့ ဒီနှစ်ရဲ့ နေ့တာအရှည်ဆုံးရက်မှာ အမြင့်ဆုံးတောင်ထိပ်ကို သွားပါ။ 'အတာမာ ကျောက်တုံးရတနာ'ကို မင်းတို့ နဲ့ အတူ ယူသွားပါ။ ဟိုးအရင်တုန်းက ငါတို့ က မင်းတို့ ကို အဲဒီရတနာပေးခဲ့တယ်။ မင်းတို့ ကို ပြန်ရှာနိုင်အောင်ပေ့ါ။ ငါတို့ လာခဲ့မယ်၊ မင်းတို့ ကို ကယ်ထုတ်သွားမယ်။

ဗယ်လန်၏ နှလုံးသားတွင် မီးတောက်အရိပ်လို သံသယက ရိပ်ခနဲ တစ်ခဏမျှ ပေါ်လာသည် ။ အလင်းသခင်၏ ကိုယ်ပွားများ တွင် နာရှူး ဆိုသည့် အရာကို သူ တစ်ခါမျှ မကြားဖူးချေ။ ယခုလည်း အဲသည် ကူရှူး က သူ့ကို သူ့လူများ ၏ အထွတ်အမြတ် အထားရဆုံး ရတနာကို ခိုးယူဖို့ ပြောနေသည် ။ ထို့ပြင် သူတို့ တွေက အဲဒီရတနာကို အယ်ရီဒါများအား ပေးထားခြင်း ဖြစ်သည် ဟု ပင် ဆိုနေသေးသည် ။ ခေးလ်ဂျေဒန်နှင့် အာခီမွန်တို့ မှန်ကောင်း မှန်လိမ့်မည်။ သူ့အမြင်က အကြောက်တရားက ကိုယ်ထင်ပြနေခြင်းထက် ဘာမှ မပိုတာမျိုး ဖြစ်ချင်ဖြစ်မည်။

သို့သော် သူ့စိတ်ထဲတွင် ရောင်လွှဲတွေးနေသော အတွေးများက ခုန်ပေါက်ပြေးလွှားနေရင်း ယင်းသည် ရင်ကွဲနာကျနေသော နှလုံးသား တစ်ခု၏ အရင်တုန်းက အခြေအနေကို ပြန်လည် တမ်းတနေသည့် ကယောင်ကတမ်း အကြွင်းအကျန်များ ဖြစ်နေကြောင်း သူသိနေသည် ။ အခြေအနေတွေ ဆိုးဝါးစွာ မပြောင်းလဲလာခင်တုန်းက . . . ဆာဂျရက်စ် မရောက်လာခင်တုန်းက။

သူ ဘာလုပ်ရမလဲဆိုတာ သူသိသည် ။ အလင်းသခင်၏ ကြီးမြတ်

သော၊ ကခုန်နေသည့် အရာ၏ ရှေ့တွင် သူ ခေါင်းငုံ့ထားလိုက်သည် ။

ဗယ်လန်သည် သူ အယုံကြည်ရဆုံး မဟာမိတ်တစ်ယောက်ဖြစ်သည့် တာဂ့ါသ်ကို ဆင့်ခေါ်လိုက်သည် ။ သူ့မိတ်ဆွေဟောင်းတစ်ယောက်ဖြစ်ပြီး အတိတ်တုန်းက သူ့ကို ကူညီခဲ့ဖူး သည် ။ အရာအားလုံးသည် အဆိုပါမိတ်ဆွေပေါ်မူတည်နေမည်။ ဗယ်လန်တစ်ယောက် လွတ်လပ်စွာ လှုပ်ရှားသွားလာခြင်း မပြုလုပ်နိုင်သော်လည်း သူကတော့ စောင့်ကြည့်ခံရခြင်းမရှိဘဲ လွတ်လပ်စွာ လုပ်နိုင်မည်။ တာဂ့ါသ်သည် အစပိုင်းတွင် သံသယရှိနေသေးသည် ။ သို့သော် ဗယ်လန်က စိတ်ချင်းဆက်ပြီး သူမြင်ခွင့်ရထားသည့် ဆိုးရွားသော အမြင်ကို ပြလိုက်သည့်အခါ တာဂ့ါသ်သည် ချက်ချင်းဆိုသလို သဘောတူခဲ့သည် ။ ဗယ်လန်က နာရူးတို့ အကြောင်းနှင့် သူတို့ ကမ်းလှမ်းသော အကူအညီအကြောင်းကို မပြောခဲ့ချေ။ မည်သည့်အကူအညီဖြစ်မည်ကို သူကိုယ်တိုင် မသိသောကြောင့်လည်း ဖြစ်သည် ။ သည် ကြမ္မာကို သူတို့ ရှောင်ထွက်သွားဖို့ နည်းလမ်း တစ်ခုရှိကြောင်းသာ သူက တာဂ့ါသ် ကို အားပေးခဲ့သည် ။

တစ်နှစ်တာ၏ နေ့တာအရှည်ဆုံးနေ့ရောက်ဖို့ နီးသထက် နီး လာပြီ။ အာခီမွန်နှင့် ခေးလ်ဂျေဒန်တို့ ဆာဂျရက်စ်အပေါ်တွင် အာရုံများ နေခိုက် ဗယ်လန်သည် သတိကြီးကြီးဖြင့် သူ ယုံကြည်ရသည့်သူများ ဆီသို့ အတွေးတန်းများ ပို့လွှတ်လိုက်သည် ။ အခြားသူများကိုတော့ တာဂ့ါသ်က လိုက်လံစုစည်းသည် ။ သူတို့ ကိုယ်တိုင်နှင့် သူတို့ လူများကို ကာကွယ်နိုင်ဖို့ ရာ ဗယ်လန်ဘက်ခြမ်းကို ရောက်လာကြသူများ ဖြစ်သည် ။ ထို့နောက် ဗယ်လန်သည် တစ်ချိန် တစ်ခါတုန်းက ချစ်ခင်လှစွာသော မိတ်ဆွေများ အဖြစ် သူ ယူဆခဲ့ဖူးသည့် သစ္စာဖောက် နှစ်ယောက်နှင့် ပတ်သက်ပြီး သိမ်မွေ့လှစွာသော မော်ကွန်ရက်ကို ယက်လုပ်ဖို့ အတွက်

သူ့အာရုံကို စူးစိုက်ထားလိုက်သည် ။ သို့မှ သာ သူတို့ အနီးအနားတွင် ပင် ဖြစ်ပျက်နေသော၊ ကသုတ်ကရက် ဗျာများ နေသော လှုပ်ရှားမှုများ ကို သူတို့ အာရုံ မကျရောက်နိုင်မည်ဖြစ်သည် ။

လက်ဖျားခါလောက်စရာ အရှိန်ဖြင့်(သို့တိုင် ယင်းသည် စိတ်ပူစရာ ကောင်းလောက်အောင် နှေးကွေးလွန်းလှသည် ) ရှုပ်ထွေးလှသော ပင့် ကူမှော်ကွန်ရက်ကို ဖန်တီးနိုင်ခဲ့သည် ။ သို့ဖြင့် အချိန်ကျရောက်လာ သောအခါ ဗယ်လန်နောက်ကို လိုက်ဖို့ ရွေးချယ်ခဲ့သော အယ်ရီဒါများ သည် သူတို့ ရှေးဟောင်းကမ္ဘာ၏ အမြင့်ဆုံးတောင်ထိပ်တွင် စုစည်းကြ သည် ။ စုစည်းနေသော သူတို့ အရေအတွက်သည် စိတ်မချမ်းသာစရာ ကောင်းလောက်အောင် နည်းပါးလွန်းလှကြောင်း ဗယ်လန် မြင်နေရသ ည် ။ ရာဂဏန်းလောက်ပဲ ရှိမည်၊ သူတို့ တွေသည် ဗယ်လန် လုံးဝကို ယုံကြည်ရသည့် သူများ သက်သက်သာ ဖြစ်သည် ။ သူ့ကို သစ္စာဖောက် နိုင်သည် ဟု ထင်သော သူများကို ဆက်သွယ်ဖို့ သူ အန္တရာယ်မယူရဲပေ။

ခုနလေးကတင် ဗယ်လန်တစ်ယောက် ‘အတာမာ ကျောက်တုံးရတ နာ’ကို သိမ်းထားရာ နေရာကနေ ယူဆောင်ခဲ့သည် ။ လွန်ခဲ့သော ရက် အနည်းငယ်က သူသည် ‘အတာမာ ကျောက်တုံးရတနာ’ကို အတုတစ်ခု လုပ်ထားခဲ့သည် ။ သို့မှ သာ ပျောက်နေကြောင်း သတိပေးမှုများ ချက်ချင်းပေါ်ထွက်လာမည်ကို တားဆီးနိုင်မည်။ ရိုးရိုးသလင်း ကျောက် တုံးကိုပဲ အဆုံးစွန် ဂရုပြုမှုဖြင့် ထုဆစ်ခဲ့သည် ။ ထို့နောက် ယင်း ကျောက်တုံးအပေါ်တွင် လင်းလက်မည့် အရာကို ပုံသွန်းလိုက်သည် ။ သို့မှ သာ ယင်းကျောက်တုံးသည် အရောင်လက်နေမည်။ သို့သော် အတွေ့အထိနှင့် ပတ်သက်၍ မူ သူ မဖန်တီးနိုင်ပေ။ အကယ်၍ တစ်စုံ တစ်ယောက်သည် သည် ကျောက်တုံးအတုကြီးကို သူ့လက်နှင့် ကိုင်တွယ်ပွတ်သပ်ကြည့်လျှင်တော့ ခိုးယူမှု ပေါ်ပေါက်သွားမည်။

'အတာမာ ကျောက်တုံးရတနာ' အစစ်ကို သူ ရင်ဘတ်နား တင်းကျပ်စွာ ထည့်ထားသည် ။ သူ့လူတွေ တောင်ပေါ်ကို တက်လာသည် ကို စောင့်ကြည့်နေသည် ။ သူတို့ ၏ သန်မာသော ခြေထောက်များနှင့် စိတ်ချရသောခွာများက လွယ်လင့်တကူ ရောက်လာစေသည် ။ အတော်များများက ရောက်နှင့်ပြီးဖြစ်ကာ သူ့ကို မျှော်လင့်တကြီး စောင့်ကြည့်နေကြသည် ။ သူတို့ နှုတ်ဖျားတွင် မဟုတ်ဘဲ သူတို့ မျက်လုံးများဖြင့် မေးခွန်းမေးနေကြသည် ။ သူတို့ တွေ ဘယ်လိုထွက်ပြေးလွတ်မြောက်မှာ လဲ။

ဟုတ်တယ် ... ငါတို့ ဘယ်လို လွတ်မြောက် သွားနိုင်မှာ လဲ။ ဗယ်လန် ကိုယ်တိုင် သံသယရှိနေသည် ။ တစ်ခဏမျှ သူ စိတ်ပျက်အားလျော့သွားသော်လည်း အတွေးချင်း ချိတ်ဆက်ခဲ့သည့် အရောင်အဝါတောက်သည့် အရာကြီးကို သူ ပြန်သတိရသွားသည် ။ သူတို့ တွေ လာလိမ့်မည်။ သူ သိနေသည် ။ လက်ရှိအခြေအနေတွင် တော့ အချိန်တွေ ကုန်သွားလေ သူတို့ ကို ရန်သူတွေ ရှာဖွေတွေ့ဖို့ များ လေ ဖြစ်နေသည် ။ ထို့ပြင် မရောက်သေးသည့်သူတွေ အများကြီး ကျန်နေသေးသည် ။ တာဂ့ါသ်တောင် ရောက်မလာသေး။

ယုံကြည်ရသော မိတ်ဆွေဟောင်း တစ်ယောက်ဖြစ်သည့် ရက်စတာလန်က ဗယ်လန်ကို ပြုံးပြပြီး "မကြာခင် သူတို့ တွေ ဒီကို ရောက်လာမှာပါ"ဟု အားပေးသည် ။

ဗယ်လန် ခေါင်းညိတ်ပြလိုက်သည် ။ ရက်စတာလန် မှန်ကောင်းမှန်နိုင်သည် ဆိုသည် ထက် ပိုပါသည် ။ သူ့အရင်တုန်းက မိတ်ဆွေ၊ ယခုရန်သူများ ဖြစ်သည့် ခေးလ်ဂျေဒန်နှင့် အာခီမွန်တို့ သည် ကြံကြီးစည်ရာ ရဲဝံ့လှသော ဒီအစီအစဉ်ကို သိသွားပြီဆိုသည့် လက္ခဏာများ မတွေ့ရတာ

တော့ အမှန်ပင်။ လက်ရှိမှာ တော့ သူတို့ တွေက အနာဂတ်မှာ ရရှိလာမ ည့် စွမ်းအားကို မျှော်လင့်နေရင်း အချိန်ကုန်နေကြသည် ။

သို့တိုင်. . . သို့တိုင် . . .

ဆာဂျရက်စ်ကို မယုံကြည်ဖို့ သူ့ကို သတိပေးခဲ့သော အတွင်းစိတ်က ပင် ယခုလည်း သူ့ကို လာပြီး တွန်းလှုပ်နေသည် ။ တစ်ခုခုတော့ လွဲနေ ပြီ။ သူ ဟိုဘက်လျှောက်လိုက် ဒီဘက်လျှောက်လိုက် ဖြစ်နေသည် ကို သတိထားမိသည် ။

ဟော . . . သူတို့ တွေ လာနေပြီ။

တာဂ့ါသ်နှင့် အခြားသူများ သည် အပြုံးများ ဖြင့် လက်ဝှေ့ယမ်းပြ ကာ တက်လာကြသည် ။ ဗယ်လန် စိတ်သက်သာရာရစွာ လေပူများကို မှုတ်ထုတ်လိုက်သည် ။ သူတို့ နှင့် တွေ့ဖို့ အောက်ကို ဆင်းဖို့ လုပ်တော့ သူ တင်းကြပ်စွာ သိမ်းထားသည့် ကျောက်တုံးရတနာက သူ့ခန္ဓာကိုယ် တစ်ခုလုံးကို ပျံ့နှံ့သွားသည့် စွမ်းအားကြီးလှသော အားတစ်ခုကို ပို့လွှတ် လိုက်သည် ။ အပြာရောင် သူ့လက်ချောင်းများက ယင်းရတနာကို တင်း ကြပ်စွာ ဆုပ်ကိုင်ထားရင်း သူ့စိတ်က ယင်းရတနာမှ ပို့လွှတ်လိုက်သော သတိပေးချက်ကို လက်ခံလိုက်သည် ။

အတွေးစိတ်ထဲက ဆိုးရွားလှသည့်အနံ့ဆိုးက သူ့ကို တိုက်ခိုက်လိုက် သဖြင့် ဗယ်လန် ဒူးထောက်ကျသွားသည် ။

ဆာဂျရက်စ်ဘက်က တိုက်ပွဲစတင်နေပြီ။ သူသည် ခေးလ်ဂျေဒန်နှင့် အာခီမွန်တို့ စကားကို နားထောင်ဖို့ ယုံကြည်ခဲ့သူတွေ၊ ရှုံးမိုက်ခဲ့သူတွေ အယ်ရီဒါများကို သိမ်းသွင်းပြီး သူတို့ ကို ဗယ်လန်အမြင်တွင် မြင်ခဲ့ရ သော မန်နာရီအဖြစ် အသွင်ပြောင်းပြီး သူ၏ ကြောက်မက်ဖွယ်ရာ အကျည်းတန်စစ်တပ်ကြီးကို စတင်ဖန်တီးပြီးပြီ။ ထောင်ချီသော မန်နာ

ရီများ ။ သူတို့ ၏ ကိုယ်ကာယ ပုံသဏ္ဍာန်များ နှင့် စွမ်းရည်များက သူ့အမြင်နှင့် အာရုံခံနိုင်သည် ထက် ကျော်လွန်နေသည် ။ သူတို့ တွေ အားလုံး ပုံပျက်ပန်းပျက်။ အကယ်၍ ‘အတာမာ ကျောက်တုံးရတနာ’ကိုသာ ကိုင်မထားလျှင် အလွန့်အလွန် နောက်ကျသည့်အချိန်မတိုင်မချင်း သူတို့ကို သူ အာရုံခံ၍ ရမည် မဟုတ်ချေ။

ယခုလည်း နောက်ကျကောင်း နောက်ကျနေလောက်ပြီ။

တာဂ့ါသ်ကို တုန်လှုပ်သော အကြည့်ဖြင့် လှမ်းကြည့်မိသည် ။ ရတ်ခြည်းဆိုသလို သူခံစားနေရသော တစ်ခုခုမှားယွင်းနေသည် ဆိုသည့်ခံစားချက်က သူ မြင်နိုင်စွမ်းမရှိသော နေရာတွင် ပုန်းလျှိုးကွယ်လျှိုးစောင့်ဆိုင်းနေသော မကောင်းဆိုးဝါးကောင်များ ဆီမှ သာမဟုတ်ဘဲ သူ့မိတ်ဆွေဟောင်းဆီမှ လည်း ထွက်ပေါ်နေသည် ကို သတိထားမိလိုက်သည် ။ စိတ်ပျက် အားလျော့နေသော သူ့ဝိညာဉ်တွင်းနက်ထဲမှ ဖျစ်ညှစ်ထွက်လာသော ဆုတောင်းတစ်ခုက သူ့စိတ်ထဲ တုန်တုန်ယင်ယင်ထွက်ပေါ်လာသည် . . . ကူရူး ငါတို့ ကို ကယ်ပါ။

မန်နာရီများ သည် ယခု တောင်ထိပ်ကို တက်လာနေကြပြီ။ သူတို့တွေ ရှိရာနေရာကို သိသွားကြပြီ။ သားကောင်ကို တွေ့သွားသည့် ဆာလောင်နေသော သားရဲများ လို တိုက်ခိုက်ဖို့ ဝိုင်းလာနေကြပြီ။ အဲဒီ ပုံပျက်ပန်းပျက်ဖြစ်နေသော အယ်ရီဒါများက သူနှင့်သူ့နောက်လိုက်များကို အပြစ်ပေးစီရင်ခြင်းကို ခံမည့်အစား အသေခံလိုက်ခြင်းသည် သာ ပိုပြီး သက်သာရာရဖွယ်ရှိသည် ဟု ဗယ်လန် သိနေသည် ။ ကြံရာမရသည့်အဆုံး ဗယ်လန်သည် ‘အတာမာ ကျောက်တုံးရတနာ’ကို ဆုပ်ကိုင်ပြီး ကောင်းကင်ပေါ်သို့ ပစ်လွှတ်လိုက်သည် ။

ကောင်းကင်ကြီးတစ်ခုလုံး အက်ကြောင်းဟပြီး ပွင့်သွားသည့်အ

လား ဖြာထွက်နေသည့် သန့်စင်သော အလင်းတန်းဖြူတစ်ခု ပေါ်ထွက်လာသည် ။ ယင်းအလင်းရောင်က ကျောက်တုံး မျက်နှာပြင်အပေါ် တိုက်ရိုက်ထွန်းလင်းနေပြီး မင်သက်နေသည့် ဇယ်လန်၏ မျက်စိရှေ့တွင် ယင်းအဖြူရောင်အလင်းတန်းသည် အရောင်မျိုးစုံသော သီးခြားအလင်းတန်း ခုနစ်ခုအဖြစ် ကွဲထွက်သွားသည် ။ သူ ကိုင်ထားသည့် ကျောက်တုံးအစိတ်စိတ်အမြွှာမြွှာ ကွဲသွားသည့်အခါ ဇယ်လန်တစ်ယောက် နာကျင်မှုကို ခံစားလိုက်ရသည် ။ အသွားထက်ထက်က သူ့လက်များကို ရှသွားသည် ။ အသက်ရှူကျပ်သွားပြီး သဘာဝအသိစိတ်ဖြင့် ကွဲထွက်သွားသော ကျောက်တုံးကို လွှတ်ချလိုက်သည် ။ အပိုင်းပိုင်းဖြစ်နေသော ကျောက်တုံးများ သည် လေထဲတွင် ဝဲပျံနေပြီး တစ်ခုချင်းစီက ပြီးပြည့်စုံသော စက်လုံးတစ်ခုဖြစ်လာကာ ခုနတုန်းက အဖြူရောင် အလင်းတန်း တစ်ခုတည်းအဖြစ်မှ သည် အလင်းခုနစ်ခုအဖြစ် ပြောင်းလဲသွားသည် ကို သူ ဘဝင်ခိုက်စွာ ကြည့်နေမိသည် ။ ကျောက်တုံးခုနစ်ခု ( အနီ၊ လိမ္မော်၊ အဝါ၊ အစိမ်း၊ အပြာ၊ မဲနယ်နှင့် ခရမ်းရောင်)တို့ သည် ကောင်းကင်ကို ပျံတက်သွားပြီးနောက် ကြောက်လန့်နေကြသော အယ်ရီဒါ အစုအဝေး ဘေးပတ်ပတ်လည်တွင် အလင်းရောင်ဝင်းခြံတစ်ခု ခတ်ပေးလိုက်သည့်နှယ် ဖြစ်သွားကြသည် ။

တစ်ချိန်တည်းတွင် သူ့ဆီသို့ ဦးတည်ပြီး ပြေးလာသည့် တာဂ့ါသ်ကို မြင်လိုက်ရသည် ။ သူ့အကြည့်က အော့နှလုံးနာနေသည့်အသွင် အထင်းသားပေါ်နေသည် ။ သူသည် အရောင်စုံအလင်း စက်ဝိုင်းကြီးကို ကျောက်တုံး တံတိုင်းတစ်ခုအလား ဝင်ဆောင့်မိပြီး နောက်ပြန်လဲသွားသည် ။ ဇယ်လန် ပတ်ချာလည်ကြည့်လိုက်သည့်အခါ သူနှင့်သူ့လူများကို ကာကွယ်ပေးထားသည့် အလင်းဖြင့်သာ လုပ်ထားသော တံတိုင်းကြီးအပေါ်ကို လက်သည်းများ ဖြင့် ကုတ်ကပ်တက်နေသော ၊ သွားရည်

တများများ ကျနေသည့်၊ အစွယ်ပြပြီး မာန်ဖီနေသည့် မန်နာရီများ တံတိုင်းအောက်ကို လျော လျောကျနေသည် ကို မြင်တွေ့ရသည် ။

တဝီဝီမြည်နေသည့် အသံတစ်ခုက ဗယ်လန်၏ အာရုံကြောတလျှောက် ပြေးတက်လာသည် ။ ကြားနေရသည် မဟုတ်ဘဲ ခံစားနေရသည်နှင့် ပိုတူသည် ။ သူ မော့ကြည့်လိုက်သည် ။ ယနေ့လို ထူးခြားဆန်းကြယ်များ ဖြစ်ပျက်နေသောနေ့တွင် မှာ ပင် အလင်းကျောက်တုံးခုနစ်ခုထက်ပင် ပိုမိုဆန်းကြယ်သော တစ်စုံတစ်ခု ဖြစ်ပျက်လာသည် ။ စစချင်း မိုးပေါ်မှ ကျဆင်းလာသော ကြယ်တစ်စင်းလို အရာမျိုးကို သူ ကြည့်နေမိသည် ။ အရောင်က တောက်ပလွန်းသဖြင့် စေ့စေ့ပင် သူ မကြည့်နိုင်ချေ။ တဖြည်းဖြည်း နီးကပ်လာသည် နှင့် မြင်လိုက်ရသည် မှာ ညဘက်ကောင်းကင် များ တွင် မြင်နေကျ ကြယ်တစ်စင်းနှင့် လားလားမျှ မတူချေ။ သို့သော် အလယ်တွင် လုံးဝန်းပျော့အိပြီး ဘေးပတ်လည်တွင် ဘြိဂံပုံသဏ္ဍာန် သလင်းကျောက် အစွန်းအတက်များ ဖြင့် တန်ဆာဆင်ထားသည့် အခိုင်အမာတည်ဆောက်ထားသော အဆောက်အဦတစ်ခု ဖြစ်သည် ။ သူ့စိတ်ကို လာရောက်ထိခတ် သော စိတ်ချင်းဆက်အသံတစ်ခုကို ကြားရသည့်အခါ ဗယ်လန် တစ်ယောက် ချုံးပွဲချ ငိုကြွေးမိသည် ။

ငါ ကတိပေးထားတဲ့ အတိုင်း ရောက်နေပြီ။ ဒီကမ္ဘာကို စွန့်ခွာဖို့ ပြင်ဆင်တော့ ပုရောဟိတ်ဗယ်လန်

ဗယ်လန်က သူ့လက်ကို အပေါ်ကို မြှောက်ပြီး ဆန့်တန်းလိုက်သည် ။ ချစ်ခင်သော မိဘအား ကလေးတစ်ယောက်က မြတ်မြတ်နိုးနိုးပွေ့ဖက်ဖို့ တောင်းဆိုသည့် သဏ္ဍာန်အလား ထင်ရသည် ။ သူ့အထက်တွင် လှည့်ပတ်နေသော စက်ဝိုင်းပုံသဏ္ဍာန်ကြီးသည် အလင်းတစ်ချက် ပစ်

လွှတ်လိုက်ပြီး ဗယ်လန်တစ်ယောက် သူ့ကိုယ်သူ လေထဲတွင် ညင်သာစွာ မတင်ခြင်း ခံလိုက်ရသည် ဟု ခံစားရသည် ။ သူသည် လေထဲတွင် ပေါလောမျောနေပြီး အခြားသူများ လည်း အဲဒီ...ယာဉ်လို့ ပြောရမည့်အရာဆီသို့ မြင့်တက်လာကြသည် ။ ယခုချိန်တွင် အဲဒီဟာကြီးကို ယာဉ်ဟု ဗယ်လန် နားလည်သလိုရှိလာသော်လည်း အဆိုပါသက်ရှိအရာကြီးကိုတော့ ယခုချိန်ထိ နားလည်နိုင်စွမ်း မရှိသေးချေ။ တိတ်ဆိတ်စွာ ပျော့်ရှင်နေသည့်အချိန်အတွင်း သူတို့ သား ကောင်လွှတ်မြောက် သွားသဖြင့် မကျေမနပ် ဒေါသတကြီး အော်ဟစ်နေသော မန်နာရီများ ၏ အသံကို ဗယ်လန်တစ်ယောက် ကြားနေရသည် ။ ယာဉ်သင်္ဘောကြီး၏ အောက်ခြေ ပွင့်သွားပြီး စက္ကန့်အနည်းငယ် အကြာတွင် ဗယ်လန်တစ်ယောက် အောက်ခံအမာ တစ်ခုအပေါ်တွင် ရပ်မိနေ သည် ကို သတိထားမိသည် ။ ကြမ်းပြင်ပေါ်တွင် ဒူးထောက် ထိုင်ချလိုက်သည် (ကြမ်းပြင်ဟု ခေါ်ရမည် သူထင်သည် )၊ ပြီးတော့ ကျန်ရှိနေသေးသော သူ့လူများ ဘေးကင်းရာသို့ မျောလွင့်လာသည် ကို ကြည့်နေမိသည် ။ နောက်ဆုံးတစ်ယောက် ယာဉ်ပေါ်ရောက်လာသောအခါ တံခါးပိတ်သွားပြီး ထွက်ခွာမည်ဟု ဗယ်လန် မျှော်လင့်ထားသည် ။ (အဲဒီယာဉ်ကြီးသည် သတ္တုမဟုတ်သော သတ္တု၊ အသား မဟုတ်သော အသားဖြင့် တည်ဆောက်ထားသည် ။ ယင်းသည် ပင် ကူရှူး၏ ဖြစ်တည်မှု သဘာဝဖြစ်မလားဟု ဗယ်လန် သံသယရှိနေသည် )။

ထိုအစား သူ့စိတ်ထဲတွင် တီးတိုးပြောသံတစ်ခုကို ခံစားလိုက်ရသည် ။ ကျောက်တုံး ရတနာတွေ၊ အစက တစ်ခုတည်း၊ အခု ခုနစ်ခု။ အဲဒါတွေကို ပြန်ယူပါ။ မင်း လိုအပ်လိမ့်မယ်။

ဗယ်လန် အပေါက်ဝနားတွင် ကိုင်းလိုက်ပြီး လက်ကို ဆန့်တန်းလိုက်သည် ။ မထင်မှတ်ထားသော အရှိန်ဖြင့် ကျောက်တုံးခုနစ်ခုက သူ့

ဆီသို့ တန်းပြေး လာပြီး သူ့လက်ဖဝါးကို ခပ်ပြင်းပြင်းလာဆောင့်လေရာ အသက်ရှူမှားမတတ်ဖြစ်သွားသည် ။ ယင်းတို့ ဆီမှ ပျံ့နှံ့ထွက်နေသော အပူဒဏ်ကို လျစ်လျူရှုရင်း အားလုံးကို သူ စုစည်းလိုက်သည် ။ ပြီးတော့ နောက်ဘက်ကို ပြန်ဆုတ်သည် ။ ချက်ချင်းပင် တံခါးပေါက် ပျောက်သွားသည် ။ ဘယ်တုန်းကမျှ မရှိခဲ့ဘူးသည့် အလား။ 'အတာမာ ကျောက်တုံးရတနာ'ခုနစ်ခုကို ညှပ်ကိုင်ထားရင်း သူ့စိတ်က ဆွဲဆန့်ထားရလွန်းသဖြင့် အရူး မဖြစ်ရုံတမယ် ကျန်တော့သည် ။ မျှော်လင့်ချက်နှင့် စိတ်ပျက်လက်ပျက် ဖြစ်မှုအကြား အဆုံး မသတ်နိုင်သော လွန်ဆွဲနေမှုများ ဖြင့် ဗယ်လန် တစ်ယောက် ဆိုင်းငံ့ခံထားရသလို ဖြစ်နေသည် ။

သူတို့ တွေ ကျော်ဖြတ်နိုင်ခဲ့ပြီလား။ လွတ်မြောက်ခဲ့ပြီလား။

တောင်ထိပ်တစ်ခုလုံးကို သူ့ကျွန်များ ဖြင့် ပြည့်နှက်နေသည့်တိုင် တပ်ဖွဲ့၏ ထိပ်ပိုင်းတွင် နေရာယူထားသည့် ခေးလ်ဂျေဒန်က မြင်ကွင်းကို အတားအဆီးမရှိ မြင်နေရသည် ။ သူသည် အောင်ပွဲခံသည့်အရသာကို တစ်ခဏတာ မြည်းစမ်းလိုက်ရသည် ။ ဆာဂျရက်စ် တစ်ယောက် သူ့စိတ်ထဲသို့ ထည့်ပေးထားခဲ့သည့် ဆာလောင်မှုက… ယင်းအရသာက ချိုမြိန်လှသည် ။ တာဂ့ါသ် သည် သူ့တာဝန် သူကျေခဲ့သည် ။ တိုက်ခိုက်ခံရချိန်တွင် ဗယ်လန် တစ်ယောက် ကျောက်တုံး ရတနာကို ကိုင်ထားမိသည် မှာ ကံကောင်းသွားခြင်းသက်သက်သာဖြစ်သည် ။ ယင်းသို့သာ မကိုင်ထားလျှင် ယခုအချိန်တွင် သူ့ခန္ဓာကိုယ်သည် မြေပြင်တွင် တစ်စစီ ပြန့်ကျဲနေလောက်ပြီ ဖြစ်သည် ။

သို့သော် ဗယ်လန်သည် 'အတာမာ ကျောက်တုံးရတနာ' ကို ကိုင်ထားပြီး သတင်းလည်း ရသွားဟန်ရှိသည် ။ တစ်စုံတစ်ခု ဖြစ်ပျက်ခဲ့

သည် ။ ထူးဆန်းသည့်အလင်းတန်းတစ်ခု ပေါ် လာပြီး သစ္စာဖောက်များ ကို ကာကွယ်ပေးခဲ့သည် ။ ပြီးတော့ သူတို့ ကို လာရောက်ခေါ်ငင်သည့် အရာတစ်ခု ပေါ်လာသည် ။ ယခုအချိန်တွင် ခေးလ်ဂျေဒန် ကြည့်နေရင်း အဲဒီထူးဆန်းသည့်ယာဉ်ကြီးသည် အရောင်မှိ န်ပြီး . . . ပျောက်ကွယ် သွားပြီ။

သူ လွတ်သွားပြီ။ သေစမ်း. . . သေစမ်း။ ဗယ်လန် လွတ်သွားပြီ။

လွန်ခဲ့သော စက္ကန့်အနည်းငယ်ကပင် မန်နာရီများ နှင့်အတူ ပျော် ရွှင်မှုများ ပြည့်နှက် နေခဲ့သော ခေးလ်ဂျေဒန်သည် ယခုအခါ အံ့သြ တုန်လှုပ်ခြင်းနှင့် စိတ်ပျက်ခြင်းတို့ ဖြင့် ပြည့်နှက်သွားသည် ။ သူတို့ အားလုံး၏ စိတ်ကို သူ ထိတွေ့လိုက်သည် ။ သူတို့ တွေ ဘာမှုမသိကြ ချေ။ ခေးလ်ဂျေဒန်၏ လက်ကနေ ဗယ်လန်တို့ ကို သုတ်ယူသွားသော အရာကြီးသည် ဘာကြီးပါလိမ့်။ ခေးလ်ဂျေဒန် တစ်ယောက် အကြောက် တရားများ ဖြင့် တုန်လှုပ်လာသည် ။ အခုလိုဖြစ်ပျက် သွားသည် ကို သူ့ သခင် ဘယ်လိုမှ နှစ်သက်နိုင်မည်မဟုတ်ပေ။

"အခု ဘာလုပ်ကြမလဲ"ဟု အာခီမွန်က မေးသည် ။ ခေးလ်ဂျေဒန်က သူ့မဟာမိတ်ဘက်ကို လှည့်လိုက်ပြီး "ငါတို့ တွေ သူတို့ ကို တွေ့အောင် ရှာမယ်"ဟု ခေးလ်ဂျေဒန် က အော်ပြောလိုက်သည် ။ "ငါတို့ တွေ သူ တို့ ကို လိုက်ရှာမယ်၊ ဖျက်ဆီးပစ်မယ်။ နှစ်တစ်ထောင်ကြာရင်တောင် ဂ ရုမစိုက်ဘူး"

***** ***** *****

# အခန်း - တစ်

ငါ့နာမည်က ထာရဲ

ဒီစကားလုံးက လူတွေရဲ့ ဘာသာစကားမှာ "ကျွန်"လို့ အဓိပ္ပာယ်ရတယ်။ အဲဒီနာမည် ရလာတဲ့ အကြောင်း နောက်ကွယ်က ဇာတ်လမ်းက ရှည်လျားလွန်းလို့ နောက်များမှ ပဲ ပြောတော့မယ်။ ဝိညာဉ်တွေရဲ့ စောင့်ရှောက်မှုနှင့် ငါ့သွေးကြောထဲမှာ စီးဆင်းနေတဲ့ ရှေးသူရဲကောင်းများ၏ သွေးတွေကြောင့် ငါဟာ ငါ့မျိုးနွယ်အော့များ ၏ စစ်ခေါင်းဆောင်အဖြစ်နဲ့ အခြားမတူညီတဲ့ မျိုးနွယ်တွေ ပေါင်းစုထားတဲ့ ဟော့ဒ်ဆိုတဲ့ အုပ်စုခေါင်းဆောင် ဖြစ်လာခဲ့ တယ်။ ဘယ်လိုဖြစ်လာသလဲဆိုတာက လည်း နောက်ထပ်ဇာတ်လမ်းတစ်ပုဒ်ပဲ။ အခု ငါပြောချင်တဲ့ ဇာတ်လမ်းက ငါ့ဖခင်နဲ့ သူ့ကို ယုံကြည်ခဲ့သူတွေအကြောင်း၊ သူ့ကို သစ္စာဖောက်ခဲ့သူတွေအကြောင်း၊ တကယ်တော့ ငါ့မျိုးနွယ်များ အကြောင်းကို ယုံကြည်ထိုက်သူ ရှေးလူကြီးများ အဆင့်ဆင့် လက်ဆင့်ကမ်းလာခဲ့သော သမိုင်းများ အရ သိခဲ့ရသော ဇာတ်ကြောင်းပဲ ဖြစ်တယ်။

တကယ်လို့ အဲဒီအဖြစ်အပျက်တွေ မဖြစ်ပျက်လာခဲ့ရင် ငါတို့ မျိုးနွယ် ဘာတွေ ဖြစ်ပျက်သွား မလဲဆိုတာ ပညာဉာဏ်ကြီးတဲ့ ရှားမန်းကြီးဒရက်သော ကိုယ်တိုင်တောင် မပြောနိုင်ဘူး။ ကံကြမ္မာလမ်းကြောင်းဆိုတာက လမ်းသွယ်အများကြီးရှိသလို တစ်ခုနှင့်တစ်ခုလည်း ကွဲပြားတယ် မဟုတ်လား။ အသိဉာဏ်ရှိတဲ့ ဘယ်သူကမှ ကိုယ့်ဘာသာကိုယ်

လှည့်စားပြီး စိတ်ချမ်းသာစရာ "ဒီလိုသာဖြစ်ခဲ့ရင်"ဆိုပြီး သာယာမိန်းမောနေမှာ မဟုတ်ဘူး လေ။ ဖြစ်ပျက်ခဲ့ပြီးသမျှဟာ ဖြစ်ပျက် ခဲ့ပြီ။ ငါတို့ရွေးချယ်မှုရဲ့ ကောင်းကျိုးဆိုးမွေကို မျိုးနွယ်ဝင်တွေအားလုံး မျှဝေခံစားကြရမယ်။ အခုပြောပြမယ့် ဇာတ်လမ်းက ယနေ့လက်ရှိမှာ အော့၊ တော်ရန်၊ ဖော်ဆိတ်ကန်၊ ထရိုးနှင့် သွေးအဲဖ်တို့ တွေအားလုံး အဆင်ပြေသလို ပေါင်းစုထားသည့် ဟော့ဒ်အဖွဲ့ကြီးအကြောင်း မဟုတ်ဘူး ။ ပထမဆုံးအကြိမ်ပေါ်ထွက်လာသော ဟော့ဒ်အဖွဲ့အကြောင်းပဲဖြစ်တယ်။ မွေးကင်းစ ကလေးငယ် တစ်ယောက်လိုပဲ ဟော့ဒ်အဖွဲ့ကြီး စတင်မွေးဖွားခဲ့ရာမှာ လည်း သွေး၊ နာကျင်မှုတို့ နဲ့ အမှတ်အသားဖြစ်ခဲ့ပြီး အဲဒီအဖွဲ့ကြီးမှ ပေါ်ထွက်သော စူးရှသော ကြွေးကြော်အော်ဟစ်သံများက သူ့ရန်သူများ အတွက် သေမင်းခေါ်သံဖြစ်ခဲ့တယ်။ အဲဒီလောက်ကို စိတ်ညစ်ညူးစရာကောင်းပြီး ကြမ်းကြုတ်ရက်စက်လှသည့် ဇာတ်လမ်းက ဒရက်နော ...လို့ အမည်ရတဲ့ စိမ်းလန်းစိုပြည်လှသော တောင်ကုန်းများ ၊ ချိုင့်ဝှမ်းဖြင့် ပြည့်နှက်နေသော မြေကမ္ဘာတွင် ငြိမ်းချမ်းစွာ စတင်ခဲ့သည် ။

***

နှလုံးခုန်သံအတိုင်း ဟန်ချက်ကျကျတီးနေသော ဗုံတီးသံများက အော့ငယ်များကို ချော့သိပ်သလို ဖြစ်နေသည် ။ သို့သော် ဖရော့ဝုဖ်မျိုးနွယ်မှ ဒူရိုတန်တစ်ယောက် မျက်စိကျယ်နေသည် ။ အိပ်စက်ရာတဲ၏ ကျောက်၊ သဲများ ဖြင့် ခင်းထားသည့် ကြမ်းပြင်တွင် အခြားသူများ နည်းတူ သူ အိပ်စက်နေသည် ။ ကောက်ရိုးထူထူထဲထဲနှင့် ခွာပါကောင်များ

၏ သားရေထူထူက အရိုးထိအောင်အေးသော မြေကြီး၏ အအေးဓာတ်မှ သူ့ကို အကာအကွယ်ပေးထားသည် ။ သို့တိုင် သူသည် မြေကြီးမှ တစ်ဆင့် သူ့ကိုယ်ထဲကို ဝင်လာသည့် ဗုံတီးသံများ ၏ တုန်ခါမှုကို ခံစားနေရသည် ။ သူ့နားများကို ရှေးဟောင်းအသံဖြင့် ကြွင်ကြွင်နာနာ ထွေးပွေ့နေသည့်အလား။ သူ အပြင်ကို ထွက်ပြီး လူကြီးများ နှင့်အတူ သွားနေချင်လိုက်တာ . . .။

'အော် ရစ်ဂါ'ဟု ခေါ်သည့် အရွယ်ရောက်သူအဖြစ် အသိအမှတ်ပြုသည့် အခမ်းအနားတွင် ပါဝင်ဆင်နွှဲဖို့ နောက်တစ်နွေ သူ စောင့်ရဦးမည်။ အဲသည် အချိန်မတိုင်ခင်အထိ လူကြီးများက မီးဖိုပတ်လည်တွင် ဝိုင်းဖွဲ့ထိုင်ပြီး လျှို့ဝှက်ဆန်းကြယ်၊ ထူးခြားထင်ရှားသော အရာများအကြောင်း ပြောဆိုဆွေးနွေးနေသည့်အချိန်တွင် သူသည် ယခုလို အုပ်စုလိုက် အိပ်ရသည့် တဲကြီးတွင် အခြားကလေးများ နှင့်အတူ နေထိုင်ရခြင်းကို လက်သင့်ခံနေရပေဦးမည်။

သူ သက်ပြင်းချလိုက်ပြီး သားရေပေါ်တွင် ဟိုရွှေ့ ဒီပြောင်းလိုမ့်နေသည် ။ မတရားဘူး။

အော့တွေသည် သူတို့ အချင်းချင်း တိုက်ခိုက်လေ့ မရှိသော်လည်း ဖော်ဖော်ရွေရွေ ရှိကြသည် တော့လည်း မဟုတ်ပေ။ မျိုးနွယ်တစ်ခုချင်းစီက သီးခြားသာ နေကြသည် ။ ကိုယ်ပိုင်အစဉ်အလာများ ၊ စတိုင်များ နှင့် ဝတ်စားဆင်ယင်ပုံ၊ ပုံပြင်များ နှင့် ရှားမန်းတို့ ရှိကြသည် ။ မျိုးနွယ်တစ်ခုနှင့်တစ်ခု ပြောဆိုသော ဘာသာစကားကလည်း ကွဲပြားလွန်းသဖြင့် ဘုံစကား မပြောလျှင် တစ်ယောက်ပြောသည် ကို အခြားတစ်ယောက်နားမလည်နိုင်ပေ။ သူတို့ တွေသည် ထိုစားကျက်မြေ၊ သစ်တောနှင့် စမ်းချောင်းများကို အတူခွဲဝေသုံးစွဲနေသည့်တိုင် အပြာရောင် အသားအ

ရေရှိသည့် ထူးဆန်းသော ဒရက်နိုင်းများ နှင့် သူတို့ အော့တွေ ကွဲပြား ခြားနားသလောက် နီးနီး အော့တွေအချင်းချင်းလည်း ခြားနားသည် ဟု ထင်ကြသည် ။ တစ်နှစ်လျှင် နှစ်ကြိမ် (နွေဦးနှင့် ဆောင်းဦးရာသီတွင် ) အော့မျိုးနွယ်အားလုံး အတူတကွ စုဆုံကြသည် ။ ယခုလိုပဲပေါ့။ နေ့တာ နှင့်ညတာ တူညီသည့်အချိန်သမယကို ဂုဏ်ပြုသည့်အနေဖြင့် ဖြစ်သည် ။

ယင်းပွဲတော်သည် မနေ့ညက လထွက်မှ သာ တရားဝင် စတင်ခဲ့ သော်လည်း အော့များ သည် နေရာမှာ စုဝေးနေသည် မှာ ရက်အနည်းင ယ်ရှိနေပြီဖြစ်သည် ။ ‘ကော့ရှ် ဟာ့ဂ်’ပွဲတော်ကို ‘နာဂရန်း’ဆိုသည့် " လေတို့ ၏ နယ်မြေ" ဟု ခေါ်သော မြင့်မြတ်သော နေရာတွင် ကျင်းပ ခြင်း ဖြစ်သည် ။ ယင်းနေရာသည် ဝိညာဉ်များ ၏ တောင်တန်း ‘အို ရှူ ဂန်း’၏ ချစ်ခင်လှစွာသော အရိပ်အောက်တွင် ရှိနေသည် ။ ပွဲတော်ချိန် အတွင်း အစဉ်အလာအရ စိန်ခေါ်ခြင်းများ နှင့် ရင်ဆိုင်တိုက်ပွဲများက မ ထူးဆန်းသော်လည်း တကယ်ကို ဒေါသပေါက်ကွဲမှုနှင့် အကြမ်းဖက်မှု များ ကတော့ ဘယ်တုန်းကမျှ ဖြစ်ပွားခြင်းမရှိခဲ့ချေ။ မကျေမနပ်ဖြစ်မှု များ ဖြစ်လာလျှင် (ယခုလို အော့အများ အတူတကွစုစည်းသည့်အခါ တ စ်ခါတစ်ရံဖြစ်လေ့ရှိသည့်အတိုင်း) ရှားမန်းများက မကျေမနပ် ဖြစ်နေ သော အော့များကို ငြိမ်းချမ်းစွာ အဖြေရှာကြရန် တိုက်တွန်းကြသည် ။ သို့မဟုတ်လျှင် သူတို့ တွေ မြင့်မြတ်သော ဤနေရာမှ ထွက်သွားရမည် ဖြစ်သည် ။

သည် နေရာတွင် ရှိသောမြေသည် စိမ်းလန်းစိုပြည်ပြီး မြေသြဇာနှင့် ပြည့်စုံသလို အေးချမ်းလှ သည် ။ သည် နေရာကြီး ငြိမ်သက်အေးချမ်း နေသည် မှာ အော့များက သည် နေရာတွင် ငြိမ်းချမ်းမှုကို လိုချင်နေ သည့်အတွက်လား၊ သို့မဟုတ် နေရာက ကြည်လင်အေးချမ်း နေ

သောကြောင့် အော့များ ငြိမ်းချမ်းသွားတာလား ဆိုသည် ကို ဒူရိုတန် ရံဖန်ရံခါ တွေးတောမိသည် ။ ထိုကဲ့သို့ အတွေးများကို သူ မကြာခဏ တွေးမိသော်လည်း အခြားသူများကို မပြောဖြစ်ဘဲ သူ့ဘာသာသူပဲ သိမ်းထားမိသည် ။ ယင်းသို့သော အူကြောင်ကြောင်အတွေးများကို မည်သူ တစ်ဦးတစ်ယောက်ကမျှ ပြောသည် ကိုလည်း  သူမကြားဖူးသောကြောင့် ဖြစ်သည် ။

ဒူရိုတန် သက်ပြင်းတိုးတိုးချလိုက်သည် ။ အပြင်ဘက်မှ ဗုံတီးသံများကို တုံ့ပြန်သည့် အနေဖြင့် သူ့ အတွေးများက ခုန်ပေါက်နေပြီး သူ့နှလုံးက တဆတ်ဆတ် ခုန်နေသည် ။ မနေ့ညက အလွန်ကို နှစ်သက်စရာကောင်းလှသည် ။ ဒူရိုတန်၏ ဝိညာဉ်ကို လှုပ်ခတ်စေသည် ။ လနတ်သမီးက သစ်ပင်များ ၏ နက်မှောင်သော အရိပ်မျဉ်းကို ဖြတ်သန်းသွားပြီ။ လဆုတ်သွားသည့်တိုင်  အဖြူရောင်ဆီးနှင်းများ  ဖုံးလွှမ်းထားသည့် မြေပြင်ကို အရောင်ပြန်နိုင်လောက်အောင် အားကောင်းသည့် အလင်းကို ပေးနိုင်ဖို့ လုံလောက်စွာ လင်းနေသေးသည် ။ ထိုသို့ လဆုတ်သွားသည် နှင့် စုရုံးနေသော ထောင်ချီသော အော့များအားလုံး၏ လည်မျိုမှ အော်ဟစ်သံများ မိုးထက်သို့ တက်သွားသည် ။ ဉာဏ်ပညာကြီးသော အော့အိုကြီးများ ၊ အရွယ်ကောင်း စစ်သည် တော်များ နှင့် သူတို့ ၏ သန်မာသော လက်တွင် ကလေးငယ်များကို ပိုက်ထားသော အော့အမေများပင် ပါဝင်သည် ။ အော့များ အတွက် အဖော်လည်း ဟုတ်၊ စီးတော်ယာဉ်လည်း ဟုတ်သော ဝံပုလွေများကလည်း မြူးထူးစွာဖြင့် အူလိုက်ကြသည် ။ ယင်းအသံများက ဗုံသံများ လိုပင် ဒူရိုတန်၏ သွေးကြောတလျှောက် တုန်ခါသွားသည် ။ ယင်းသည် ညကောင်းကင်ကို ကြီးစိုးသည့် အဖြူရောင်စက်ဝန်းကို နှုတ်ဆက်သည့်ဟန်ဖြင့် နက်နဲစွာ အသံပြုလိုက်ခြင်းဖြစ်သည် ။ လနတ်သမီးကို ဦးတည်ရင်း အားကောင်းမောင်း

သန် အော့ပင်လယ်ကြီးတစ်ခုလုံး သူတို့ ၏ အညိုရောင်လက်များကို မြှောက်လိုက်သည် ကို ဒူရိုတန်ကြည့်နေမိသည် ။ အလင်းရောင်အောက်တွင် ငွေရောင်လက်နေသည် ။ အားလုံး၏ အာရုံက တစ်ခုတည်းတွင် ။ အကယ်၍ မည်သည့်အော်ဂရီမဆို ရူးနှမ်းစွာ သူတို့ ကို တိုက်ခိုက်ခဲ့မည် ဆိုလျှင် ထိုအကောင်သည် တစ်ချောင်းတည်းသော စိတ်ရှိနေသည့် များပြားလှသော စစ်သည် တော်များ ၏ လက်ချက်နှင့် နှလုံးတစ်ချက်ခုန်အတွင်းတွင် ပင် ကျဆုံးသွားလိမ့်မည်။

ထို့နောက် စားပွဲသောက်ပွဲအလှည့်ရောက်လာသည် ။ သားကောင်တစ်ဒါဇင်လောက်ကို ဆောင်းရာသီမဝင်ခင် သည့် ရာသီအစောပိုင်းကတည်းက သတ်ဖြတ်ထားပြီး အခြောက်ခံကာ ကျပ်တင်ထားသည် ။ ယခုပွဲအတွက် ပြင်ဆင်ထားခြင်းဖြစ်သည် ။ မီးပုံပွဲများကို စတင်ရှို့ထားသည် ။ မီးပုံမှ နွေးထွေးသော အလင်းက လနတ်သမီး၏ တမူထူးသည့် အဖြူရောင်အလင်းများ နှင့် ပေါင်းစပ်သွားသည် ။ အဲသည် အချိန်ကတည်းက ဗုံများကို စတီးလာလိုက်သည် မှာ မရပ်တန့်တော့ပေ။

ခွာပါကောင်သားရေပေါ်တွင် လဲလျောင်းနေသော အခြားကလေးများ လိုပင် သူ့ကိုလည်း ဗိုက်ပြည့်အောင် စားပြီးသည် အထိ၊ ရှားမန်းထွက်ခွာသွားသည် အထိ နေခွင့်ပြုသည် ။ စားပွဲ သောက်ပွဲကို စတင်လိုက်သည် နှင့် မျိုးနွယ်တိုင်းမှ ရှားမန်းများ သည် ‘အို ရှူဂန်း’တောင်ပေါ်တက်ဖို့ ထွက်ခွာသွားကြသည် ။ ထိုနေရာမှ ပွဲတော်လှုပ်ရှားမှုများကို သူတို့ သတိကြီးစွာ စောင့်ကြည့်မည်။ ယင်းတောင်တန်းကြီးရှိ လိုဏ်ဂူထဲကို ဝင်မည်။ ဝိညာဉ်များ နှင့် သူတို့ ဘိုးဘွားများ ၏ အကြံဉာဏ် များကို တောင်းခံမည်။ အို ရှူဂန်းသည် အဝေးကကြည့်လျှင်ပင် ခမ်းနားလွန်းလှသည် ။ အခြား တောင်တန်းများ နှင့်မတူစွာပင် (ယင်းတောင်တန်းများ သည် မညီမညာနှင့် ကြမ်းတမ်းသည့် ပုံသဏ္ဍာန်ရှိသည် ) အို ရှူဂန်း

သည် လုံထိပ်ဖျားကဲ့သို့ ချွန်ထက်စွာ၊ တိကျစွာဖြင့် မြေကြီးထဲမှ ဖောက်ထွက်လာခဲ့သည် ။ ယင်းသည် မြေကြီးထဲတွင် သလင်းကျောက်အကြီးစား ထည့်ထားသလို ဖြစ်နေသည် ။ လိုင်းကြောင်းများမှာ သန့်ရှင်းကြည်လင်သဖြင့် နေရောင်အောက်တွင် ကော လရောင်အောက်တွင် ပါ အရောင်လက်နေသည် ။ အချို့ဒဏ္ဍာရီများ အလိုအရ ယင်းသည် လွန်ခဲ့သောနှစ် ရာပေါင်းများ စွာတုန်းက ကောင်းကင်မှ ပြုတ်ကျလာခြင်းဖြစ်သည် ဟု ဆိုကြသည် ။ ထိုတောင်တန်းသည် ထူးခြားလွန်းလှသဖြင့် ယင်းပုံပြင်များ သည် မှန်လောက်သည် ဟု ဒူရိုတန် တွေးမိသည် ။

အို ရှူဂန်းသည် မည်မျှပင် စိတ်ဝင်စားစရာ ကောင်းသော်လည်း ရှားမန်းများ အနေဖြင့် ကော့ရှ် ဟာ့ဂ်ပွဲတော်မပြီးမချင်း ထိုအထဲတွင် နေရသည် မှာ အနည်းငယ်တော့ မျှတမှုမရှိဟု ဒူရိုတန် အမြဲတွေးမိသည် ။ သနားစရာကောင်းသည့် ရှားမန်းများ သည် ပျော်စရာများအားလုံးကို လွတ်ကုန်တော့မည်။ ဘာထူးလို့ လဲ။ ကလေးများ သည် လည်း သည် အတိုင်းပါပဲဟု သူတွေးမိသည် ။

နေ့အခါတွင် အမဲလိုက်ကြသည် ။ ဂိမ်းများ ဆော့ကြသည် ။ ဘိုးဘေးများ ၏ သူရဲကောင်းပုံပြင် များကို ပြန်ပြောပြကြသည် ။ မျိုးနွယ်တစ်ခုချင်းစီတွင် ကိုယ်ပိုင်ဇာတ်လမ်းများ ရှိသည် ။ သို့ဖြင့် ငယ်စဉ်ကလေးဘဝကတည်းက သူတို့ ကြားနေကျ ပုံပြင်များ အပြင် အခြားသော စိတ်လှုပ်ရှားစရာ စွန့်စားခန်းအသစ်များကိုလည်း ကြားရသည် ။

ယင်းပုံပြင်များ သည် ပျော်ဖြေမှုကို ပေးနိုင်၏။ ဒူရိုတန်က ယင်းတို့ကို နှစ်ခြိုက်သည် ။ သို့သော် ကလေးများ အိပ်ရာတဲထဲတွင် လူးလိမ့်အိပ်ငိုက်နေသည့် အချိန်၌ ဗိုက်ပြည့်အောင် စားကောင်းသောက်ဖွယ်များ စားပြီးသကာလ ဆေးတံ သောက်သည့်သူက သောက်၊ မျိုးစုံသော

သေရည်များကိုလည်း အချင်းချင်း လဲလှယ်သောက်ကြရင်း လူကြီးများ ဘာတွေ ဆွေးနွေးနေသလဲဆိုသည် ကို ဒူရိုတန် အလွန်အမင်း သိချင်နေသည် ။

သူ သည်းမခံနိုင်တော့။ ဒူရိုတန် တိတ်တိတ်လေး ထထိုင်လိုက်သည် ။ နိုးနေသည့်သူများ ရှိနေသလားဟု နားစွင့်လိုက်သည် ။ ဘာသံမျှ မကြား။ အတော်လေး ကြာသွားသည့်အခါ သူ ထရပ်လိုက်သည် ။ ဝင်ပေါက်ဆီသို့ ဖြည်းညင်းစွာ ရွေ့လျားသွားသည် ။

မှောင်မည်းနေသော တဲကြီးအတွင်း ရွေ့လျားရသည် မှာ ကြာရှည်ပြီး နေးကွေးလွန်း လှသည် ။ အိပ်နေသော ကလေးများမှာ အရွယ်စုံဖြစ်ပြီး တဲကြီးထဲရှိ နေရာပေါင်းစုံတွင် ရှိနေသည် ။ ခြေတစ်လှမ်းမှားလျှင် သူတို့ ကို နှိုးလိုက်သလိုဖြစ်မည်။ စိတ်လှုပ်ရှားမှုကြောင့် နှလုံးက တဆတ်ဆတ်ခုန်နေသည် ။ ဒူရိုတန်သည် မှိ န်ပျပျ ပုံသဏ္ဍာန်များကြားမှ သတိကြီးကြီးဖြင့် ခြေလှမ်းနေရသည် ။ ကြီးမားလှသော ခြေဖဝါးကို ရွှံ့တောရှိ ခြေတံရှည်ငှက်များကဲ့သို့ သိမ်မွေ့စွာဖြင့် ခြေချရသည် ။ အချိန်အနန္တလောက် ကြာသွားပြီးနောက် တဲဝကို ဒူရိုတန် ရောက်ရှိလာသည် ။ ရပ်နေပြီး အသက်ရှူမှန်လာအောင် ကြိုးစားနေသည် ။ ပြီးတော့ အပြင်လည်း ထွက်မည်လုပ်ရော . . . သူ့ဘေးမှ ကပ်လျက်ရပ်နေသော ချောမွတ်နေသည့် ခန္ဓာကိုယ်ကြီးကို သွားထိမိသည် ။ အံ့သြလွန်းသဖြင့် အသံထွက်သွားမိပြီး လက်ကိုလည်း ရုတ်ခြည်းပြန်ရုပ်မိလိုက်သည် ။ "မင်း ဘာလုပ်နေတာလဲ"ဟု ဒူရိုတန် တီးတိုးမေးလိုက်သည် ။

"မင်းကော ဘာလုပ်နေတာလဲ"ဟု အခြားအေ့ာက ပြန်ပက်သည် ။ ချက်ချင်းပင် သူတို့ နှစ်ယောက်စလုံး မည်မျှရူးနှမ်းနေသည့်အဖြစ်ကို တွေးမိရင်း ဒူရိုတန် ပြုံးမိသည် ။

"မင်းလိုပဲပေါ့ အော့ကောင်ရယ်"ဟု ဒူရိုတန်က ပြန်ဖြေလိုက်သည် ။ သူ့အသံက ပျော့ပျောင်းနေဆဲ။ သူတို့ နှစ်ယောက်ကြားရုံ။ အခြားသူများ က အိပ်နေဆဲ။ "ငါတို့ တွေ စကားဆက်ပြောနေလို့ လဲ ရတယ်။ ဒါမှ မ ဟုတ် လက်တွေ့လုပ်လို့ လဲရတယ်"

သူ့ရှေ့မှာ ရှိနေသော ခပ်မှိန်မှိန် ပုံသဏ္ဍာန်ကို မှန်းကြည့်ရင်း ယင်း အော့သည် ခန္ဓာကိုယ်ကြီး သည့် အထီးကောင်ဖြစ်မည်၊ သူ့အသက်လော က်ပဲရှိမည်ဟု ဒူရိုတန် ခန့်မှန်းပြောနိုင်သည် ။ အနံ့ကော အသံကော မည်သူမှန်း သူမမှန်းနိုင်။ သည် တော့ ဖရော့ဝုဖ်မျိုးနွယ်ထဲက မဖြစ်နိုင်။ ယင်းသည် မတွေးရဲစရာ စိတ်ကူးတစ်ခုဖြစ်သည် ။ တားမြစ်ထားသည့် အိပ်စက်ရာ တဲမှ ခွင့်ပြုချက်မရဘဲ ထွက်ဖို့ ကြိုးစားရုံသာမက ကိုယ့်မျိုး နွယ်မှ မဟုတ်သော အခြားအော့တစ်ယောက်နှင့် အဖော်ပြုနေသည် မ ဟုတ်လား။

အခြားအော့ကလည်း ခပ်တွန့်တွန့်ဖြစ်နေသည် ။ သူ့ခေါင်းမှာ လည်း ဒီလိုပဲ တွေးနေမည်မှာ သံသယမရှိချေ။ နောက်ဆုံးတွင် "ကောင်းပြီလေ"ဟု သူပြော၏။ ဒူရိုတန်က အမှောင်ထဲတွင် မမြင်မ စမ်း ရှေ့တိုးသွားသည် ။ သူ့လက်များက တဲတံခါးဝကို ပိတ်ထားသော သားရေပြားကို ပွတ်သပ်မိသည် ။ ထို့နောက် ယင်း၏ အစွန်းကို ခေါက် တင်လိုက်သည် ။ အော့ငယ်နှစ်ယောက်တို့ သည် သားရေပြားကို ဆွဲမ လိုက်ပြီး အေးချမ်းသော အပြင်ဘက်ကို ထွက်လာခဲ့လိုက်တော့သည် ။

ဒူရိုတန် သူ့အဖော်ကို လှည့်ကြည့်လိုက်သည် ။ သူ့အဖော်က သူ့ ထက် ကြွက်သားတောင့်သလို အရပ်လည်း နည်းနည်းလေး ပိုရှည်သည် ။ ဒူရိုတန်သည် သူ့မျိုးနွယ်တွင် သက်တူရွယ်တူထဲတွင် အကောင်အကြီး ဆုံးဖြစ်ရာ တခြားတစ်ယောက်က သူ့ထက် ပိုရှည်သည် ကို တွေ့ရသည့်

အခါ မနေတတ်မထိုင်တတ် နေရခက်နေသည် ။ သူ့အဖော်က သူ့ဘက်ကို လှည့်ကြည့်သည် ။ သူ့ကို ဆန်းစစ်နေသည် ဟု ဒူရိုတန်ခံစားနေရသည် ။ အခြားတစ်ယောက်က သူမြင်လိုက်ရသည် ကို ကျေနပ်သွားသည့်ဟန် ခေါင်းညိတ်လိုက်သည် ။

သူတို့ တွေ စကားမပြောဝံ့။ ဒူရိုတန်က တဲနှင့်နီးသော သစ်ပင်ကြီးတစ်ပင်ဆီသို့ ညွှန်ပြလိုက်ပြီး အဲဒီဘက်ကို နှစ်ယောက်သား တိတ်တိတ်ဆိတ်ဆိတ် ထွက်သွားကြသည် ။ သူတို့ တွေ စိတ်ထင်သလောက် ကြာချင်မှ ကြာမည်ဖြစ်သော်လည်း အခိုက်အတန့်တစ်ခုအကြာတွင် သူတို့ သည် ကွင်းပြင်ကျယ်နေရာကို ရောက်သွားကြသည် ။ လူကြီးတွေသာ သူတို့ ကို လှည့်ကြည့်ခဲ့လျှင် မြင်နိုင်သော်လည်း သူတို့ ကို မည်သူမျှ လှည့်မကြည့်ကြချေ။ သလင်းကျောက်လို ဆီးနှင်းများ အပေါ် အရောင်ပြန်နေသောလ၏ အလင်းရောင်က အားကောင်းလွန်းလှသဖြင့် ဒူရိုတန်သည် နေ့ခင်းကြောင်တောင် နေရောင်အောက်တွင် ရောက်နေသည့်အလား ခံစားနေရ သည် ။ သူတို့ ခြေထောက်အောက်က တကျွိကျွိမြည်နေသော ဆီးနှင်းသံကလည်း မုန်ယိုနေသည့် အော်ဂရီတစ်ကောင်၏ ဝမ်းခေါင်းသံလား အောက်မေ့ရသည် ။ နောက်ဆုံး သူတို့ တွေ သစ်ပင်ဆီသို့ ရောက်သွားသည် ။ သစ်ပင်နောက်တွင် ထိုင်ချလိုက်ကြသည် ။ နောက်ဆုံး သူ လေမှုတ်ထုတ် လိုက်တော့ ပါးစပ်မှ မြူခိုးများ ထွက်လာသည် ။ ဘေးက အော့က သူ့ဘက်ကို လှည့်ပြီး ပြုံးပြသည် ။

"ငါက အော်ဂရင်။ ဘလက်ရော့မျိုးနွယ်က တယ်ကာဒွန်းဟမ်မာရဲ့ သား"ဟု အော့ငယ်က ဂုဏ်ယူစွာဖြင့် တီးတိုးပြောသည် ။

ဒူရိုတန် သဘောကျသွားသည် ။ ဒွန်းဟမ်မာများ သည် မျိုးနွယ်ခေါင်းဆောင် မျိုးဆက်များ မဟုတ်သော်လည်း လူသိများ ပြီး လေးစား

ကြသည် ။

"ငါက ဒူရိုတန်ပါ။ ဂါရတ်ရဲ့ သားပါ။ ဖရော့ဝုဖ်မျိုးနွယ်ကပါ"ဟု ဒူရိုတန် ပြန်ဖြေလိုက်သည် ။ သည် တစ်ခါက်တော့ အံ့သြသွားရသူက အော်ဂရင်ဖြစ်သည် ။ သူသည် အခြားမျိုးနွယ်တစ်ခုမှ ဆက်ခံသူတစ်ယောက်ဖြစ်မည့်သူနှင့် အတူထိုင်နေခြင်းဖြစ်ကြောင်း သိသွားရသောကြောင့် ဖြစ်သည် ။ သဘောကျစွာဖြင့် သူ ခေါင်းညိတ်လိုက်သည် ။

တစ်ခဏမျှ သူတို့ တွေ သည် အတိုင်းပဲ ထိုင်နေသည် ။ သူတို့ တွေ သတ္တိရှိရှိလုပ်ခဲ့သည့် လုပ်ရပ်ကို ကျေနပ်နေခြင်း ဖြစ်၏။ ထူထဲသော သူ့သားရေ ဝတ်ရုံရှည်ကြီးမှ တစ်ဆင့် အအေးဒဏ် နှင့် စိုစွတ်မှုကို ခံစားမိလာသည် ။ ထရပ်လိုက်ပြီး အော့များ စုဝေးနေသည့် နေရာကို လက်ညှိုးညွှန်ပြလိုက်သည် ။ အော်ဂရင် ခေါင်းညိတ်သည် ။ သူတို့ တွေ သစ်ပင်ပတ်လည်ကို သတိကြီးစွာဖြင့် လှည့်ပတ်ကြည့်သည် ၊ နားစိုက်ထောင်သည် ။ ယခုဆိုလျှင် သူတို့ တွေ မွတ်သိပ်ဆာလောင်နေသော ထူးခြားဆန်းကြယ်များကို ကြားနိုင်ဖို့ သေချာသွားပြီ။ မီးပုံကြီးဆီမှ တဖျောက်ဖျောက်မြည်နေသော အသံ၊ မှန်မှန်လေး တီးခတ်နေသော ပုံသံများကြားမှ စကားသံများက သူတို့ ဆီ ပျံ့လွင့်လာသည် ။

"ဒီဆောင်းမှာ အဖျားကိစ္စနဲ့ ရှားမန်းတွေ အလုပ်ရှုပ်နေကြတယ်"ဟု ဒူရိုတန်၏ အဖေ ဂါရတ်က ပြောသည် ။ သူ့လက်ဖြင့် မီးဖိုဘေးတွင် မှိန်းနေသည့် ဝံပုလွေဖြူကြီးကို ပွတ်သပ် ပေးနေသည် ။ အဲဒီအကောင်ကြီးဆီက (အဖြူရောင်အမွေးပွကြီးက ဖရော့ဝုဖ်(နှင်းဝံပုလွေ) တစ်ကောင်ဖြစ်ကြောင်း ထင်ရှားစေသည် ) ကျေနပ်နှစ်သိမ့်နေသည့် အသံတိုးတိုးလေး ထွက်နေ သည် ။ "အငယ်တွေထဲက တစ်ယောက်ကောင်း

သွားတာနဲ့ နောက်တစ်ယောက် ဖျားတော့တာပဲ"

"ငါကတော့ နွေဦးကို မျှော်နေပြီ"ဟု အခြားအော့အထီးတစ်ယောက်က ပြောသည် ။ မီးဖိုဘေးမှာ ရပ်နေရင်း သစ်တုံးတစ်တုံးကို မီးပုံထဲ ပစ်ထည့်လိုက်သည် ။ "တိရစ္ဆာန်တွေ အတွက်လည်း ကြမ်းတမ်းတယ်ထင်တယ်။ ငါတို့ တွေ ဒီပွဲတော်အတွက် ပြင်ဆင်တုန်းက ခွာပါကောင်တွေကို အတော်ရှာခဲ့ရတာ"

"ကလာဂါက အရိုးတွေကနေ အရသာရှိတဲ့ စွပ်ပြုတ်လုပ်ထားတာ။ ဒါပေမဲ့ သူက ဘာတွေသုံးထားလဲဆိုတာ မပြောပြဘူး"ဟု တတိယတစ်ယောက်က ရင်ခွင်ပိုက်ကလေးငယ်ကို ချော့သိပ်နေသည့် အော့အမကို မျက်စောင်းထိုးကြည့်ရင်း ဝင်ပြောသည် ။ အကြည့်ခံရသည့် မိန်းမ (ကလာဂါဖြစ်လိမ့်မည်)က ရယ်လိုက်သည် ။ "အဲဒီချက်နည်းကို ရမယ့် တစ်ယောက်တည်းသော သူက ဒီကလေးလေးပဲ။ သူအရွယ်ရောက်ရင် သင်ပေးရမယ်"ဟု ကလာဂါက ပြုံးပြီး ပြန်ဖြေသည် ။

ဒူရိုတန် စိတ်လေသွားသည် ။ အော်ဂရင်ကို ပြန်လှည့်ကြည့်သည် ။ သူလည်း စိတ်ပျက်နေ သည့် အသွင်ရှိသည် ။ သည် ဟာတွေက သူတို့ကလေးတွေကို တဲထဲကနေ မထွက်ရဟု တားမြစ်ရလောက်အောင် အရေးကြီးသည့်အရာလား၊ လျှို့ဝှက်ချက်တွေလား...။ အဖျားနဲ့ စွပ်ပြုတ်အကြောင်း ဆွေးနွေးနေတာ...။ လရောင်အောက်တွင် ဒူရိုတန်အဖို့ အော်ဂရင်မျက်နှာကို ကြည်ကြည်လင်လင် မြင်နေရသည် ။ မျက်မှောင်ကျုံ့ထားသည့် သူ့မျက်နှာကို တွေ့ရသည် ။

"မင်းနဲ့ ငါ ဒီထက်ပိုစိတ်ဝင်စားစရာကောင်းတဲ့ ဟာ လုပ်လို့ ရတယ် ဒူရိုတန်"ဟု သူက သုန်မှုန်နေသော အသံတိုးတိုးဖြင့် ပြောသည် ။ ဒူရိုတန်က ပြုံးပြလိုက်ပြီး ခေါင်းညိတ်ခဲ့သည် ။ သိပ်သေချာတာပေါ့။

ပွဲတော်က နောက်ထပ်နှစ်ရက် ဆက်ရှိနေသေးသည် ။ နေ့ခင်းဘက်ကော ညဘက်ပါ (ညဘက်ကတော့ ခိုးထွက်ရတာပေါ့) သူတို့ နှစ်ယောက်အတူ ရှိနေကြပြီး တစ်ယောက်နှင့် တစ်ယောက် ကျွမ်းကျင်မှုမျိုးစုံအတွက် ပြိုင်ပွဲများ ဖြင့် စိန်ခေါ်သည် ။ ပြေးကြသည် ၊ သစ်ပင်တက်ကြ သည် ၊ မည်သူ ပိုအားသန်သလဲပြိုင်ကြသည် ။ မည်သူ ပိုခြေခိုင်သလဲ ပြိုင်ကြသည် ။ သူတို့ တွေ စဉ်းစားလို့ ရသမျှ အကုန်လုပ်ကြသည် ။ တစ်ယောက် တစ်လှည့်များ အနိုင်ယူမည်ဟု စီစဉ်ထား သည့်အလား အဖြေထွက်နေသည် ။ နောက်ဆုံးနေ့တွင် လိပ်ခဲတည်းလည်း ဖြစ်နေသော အခြေအနေကို ချိုးဖျက်ရန် ငါးကြိမ်မြောက် စိန်ခေါ်မှုကို လုပ်ဖို့ အော်ဂရင်က အော်ကြီးဟစ်ကျယ် စိန်ခေါ်လိုက်ချိန်တွင် ဒူရိုတန်စိတ်ထဲမှ တစ်စုံတစ်ခုက သူ့ကို နှိုးဆွခဲ့သည် ။

"ငါတို့ တွေ သမားရိုးကျအစဉ်အလာ မဟုတ်တဲ့ စိန်ခေါ်မှုတစ်ခုခုလုပ်ကြရအောင်"ဟု ဒူရိုတန်က ပြောသည် ။ "ငါတို့ အော့မျိုးတွေရဲ့ သမိုင်းမှာ တစ်ခါမှ မလုပ်ဖူးတဲ့ ဟာမျိုး ငါတို့ လုပ်ကြရအောင်" ဟု ဒူရိုတန် ရေရွတ်လိုက်သည် ။ စကားလုံးများ မည်သို့မည်ပုံ သူ့နှုတ်ခမ်းထက်ကို ရောက်လာသည် မသိ။ အော်ဂရင်၏ အညိုရောင်မျက်လုံးများက အရောင်လက်လာသည် ။ ရှေ့ကို ကုန်းပြီး "မင်းစိတ်ထဲမှာ ဘာတွေးထားလဲ" "ငါတို့ တွေ သူငယ်ချင်းဖွဲ့ရအောင်။ မင်းနဲ့ ငါ..."

အော်ဂရင် ပါးစပ်ဟောင်းလောင်းဖြစ်သွားသည် ။ "ဒါပေမဲ့ . . . ငါတို့ တွေက မျိုးနွယ်ချင်းမှ မတူတဲ့ ဥစ္စာ"။ ဝံပုလွေမည်းကြီးနှင့် သမင်ငယ်တို့ အကြား မိတ်ဆွေဖွဲ့ဖို့ ဒူရိုတန်ပြောနေသည့်အလား လေသံမျိုးဖြင့် အော်ဂရင်က ပြန်ပြောသည် ။

ဒူရိုတန်က စိတ်ပျက်သည့်ဟန်ဖြင့် လက်ပြလိုက်သည် ။ "ငါတို့ တွေ

က ရန်သူတွေ မဟုတ်ဘူး လေ။ မင်း ဘေးပတ်ပတ်လည်ကို ကြည့်လိုက်စမ်း။ မျိုးနွယ်ပေါင်းစုံ တစ်နှစ်ကို နှစ်ကြိမ် လာပြီးစုဆုံကြတယ်။ ဘာပြဿနာများ ရှိလို့ လဲ"

"ဒါပေမဲ့ . . . ငါ့အဖေကလည်း အဲဒီလိုပဲ ပြောတာ။ ငါတို့ တွေ တစ်ခါတလေမှ အတူတူ ဆုံကြလို့ ငြိမ်းချမ်းရေးကို ထိန်းထားနိုင်တာတဲ့" အော်ဂရင်က ဆက်ပြောသည် ။ သူ့မျက်ခုံးများက ပူပန်စိတ်ကြောင့် ကြုတ်ထားသည် ။

စိတ်ပျက်သွားမှုက ဒူရိုတန်၏ စကားလုံးများကို ခါးသက်သွားစေသည် ။ "ကောင်းပြီ။ အော်ဂရင်၊ ဒွန်းဟမ်မာမျိုးဆက်၊ ငါက မင်းကို တခြားသူတွေထက် ပိုပြီး သတ္တိရှိတယ် ထင်ထားတာ။ ခုတော့ မင်းလည်း ဘာမှ မထူးပါဘူး။ ကြောက်တတ်တယ်၊ ရှက်ရွံ့တယ်၊ ဖြစ်နေကျအရာတွေထက်ကို ကျော်လွန်ပြီး ဖြစ်နိုင်ချေအလားအလာရှိတာကို မျှော်ကြည့်ဖို့ စိတ်ဆန္ဒမရှိတဲ့ သူပဲ"

ယင်းစကားလုံးများက ဒူရိုတန်၏ နှလုံးသားထဲက တိုက်ရိုက် ထွက်လာခြင်း ဖြစ်သော်လည်း ရက်သတ္တပတ်ပေါင်း များ စွာ သူကြိုတင် လေ့ကျင့်ထားရင်တောင်မှ သည့်ထက် ကောင်းနိုင်မည်မထင်။ အော်ဂရင်၏ အညိုရောင် မျက်နှာက ရဲသွားပြီး ဒူရိုတန်ကို စူးရဲစွာ ကြည့်သည် ။

"ငါက သတ္တိကြောင်တဲ့ ကောင် မဟုတ်ဘူး "ဟု သူက ကြိမ်းဝါးလိုက်သည် ။ "ငါက ဘယ်စိန်ခေါ်မှုကိုမှ လက်တွန့်တဲ့ ကောင် မဟုတ်ဘူး ကွ နောက်မှ ပေါ်တဲ့ ကောင် ဖရော့ဝုဖ်ရဲ့ "

သူက ဒူရိုတန်ကို ဆွဲဖမ်းလိုက်ပြီး ခြေထောက်ကနေကိုင်ကာ လှဲချဖို့ လုပ်သည် ။ နှစ်ယောက်သား နပန်းလုံးနေသည် မှာ မြင့်မြတ်သောနေရာတွင် ယခုလို ရန်ဖြစ်နေကြခြင်းသည် မသင့်တော်သည့် အကြောင်း ပ

ညာပေးဖို့ နှင့် ဒဏ်ရာများကို ပျောက်ကင်းအောင် ကုပေးဖို့ ရှားမန်းကို ခေါ်ဆောင်လာဖို့ လိုအပ်သည့်အခြေအနေအထိဖြစ်သည် ။

"စိတ်မြန်လက်မြန်နိုင်လိုက်တဲ့ ကောင်လေး"ဟု ဖရော့ဝုဖ်မျိုးနွယ်၏ ရှားမန်း ခေါင်းဆောင်က ဆူပူသည် ။ "အမယ်အို ကက်ရှာ"ဟု သူတို့ ခေါ်သည့် ရှေးအော့အိုအမကြီးက "ဒူရိုတန်အငယ်ကောင်၊ စကားနားမထောင်လို့ ဆိုပြီး ရိုက်လို့ မရလောက်အောင် မင်းအသက် မကြီးသေးဘူး နော်"

အော်ဂရင်ကို ကုသပေးနေသည့် ရှားမန်းကလည်း အလားတူ မကျေမနပ် ရေရွတ်နေသည် ။ နှာခေါင်းမှ သွေးများ တသွင်သွင် စီးနေသည့်တိုင်၊ အော်ဂရင်၏ အညိုရောင် ရင်ဘတ်ပေါ်မှ ဒဏ်ရာ အကြီးကြီးကို ပျောက်အောင် ရှားမန်းက ဆေးထည့်ပေးနေသည် ကို ကြည့်ရင်း ဒူရိုတန် ပြုံးဖြဲဖြဲ ဖြစ်နေမိသည် ။ အော်ဂရင်က သူ့အကြည့်ကို တွေ့လိုက်ပြီး ပြန်ပြုံးဖြဲပြသည် ။

စိန်ခေါ်မှုက စတင်ခဲ့ပြီ။ နောက်ဆုံး စိန်ခေါ်မှု...။ အပြေးပြိုင်ခြင်း၊ ကျောက်တုံး မခြင်းတို့ ထက် များ စွာ အရေးကြီးသည် ။ နှစ်ယောက်စလုံး မည်သူကမျှ ရှုံးသည် ဟု ဝန်ခံချင်မည် မဟုတ်... မတူညီသော မျိုးနွယ်မှ အော့အငယ် နှစ်ယောက်အကြား မိတ်ဆွေဖြစ်မှုသည် မှားယွင်းနေသည် ဟု ပြောဖို့ ။ ဒူရိုတန်က ယခုထူးခြားသည့် စိန်ခေါ်မှုသည် သူတို့ နှစ်ယောက်အနက် တစ်ယောက်သေမှ သာလျှင် အဆုံးသတ်မည်ဟု ခံစားမိနေသည် ။ ဒါမှ မဟုတ် သေသွားတာတောင် အဆုံးသတ်ချင်မှ လည်း သတ်မှာ ပေါ့။

*****